ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်၊ တနင်္ဂနွေနေ့၊ (8-1-2012) (၆၉၉၈)

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

စတုတ္ထအကြိမ် နေပြည်တော် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ပြပွဲ၊ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၇

စတုတ္ထအကြိမ် နေပြည်တော် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ၊ ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ အောင်မင်္ဂလာ ယာဉ်ရပ်နားစခန်း၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်း၊ နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစောလှနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ကျော်ကျော်ထွန်းတို့က ပြပွဲ ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ထို့နောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော် မြို့တော်ဝန် ဦးသိန်းညွန့်နှင့် ဧည့်သည်တော်များသည် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က အဖွင့်အမှာစကားနှင့် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးစောလှက ဂုဏ်ပြုအမှာစကားပြောကြားကြပြီး အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ပိုစတာပြိုင်ပွဲ၊ မူလတန်းအဆင့် သရုပ်ပြပန်းချီပြိုင်ပွဲ၊ အလွတ်တန်းအဆင့် ကဗျာနှင့်ဆောင်းပါး ပြိုင်ပွဲတို့တွင် ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ကာ ပညာပေးပြခန်းများ ခင်းကျင်းပြသသည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အခမ်းအနား ပြင်ဆင်ရေးအထောက်အကူပြု အလှူရှင်များနှင့် အကဲဖြတ်ဒိုင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော် မြို့တော်ဝန် ဦးသိန်းညွန့် စတုတ္ထအကြိမ် နေပြည်တော် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

နိုင်ငံတကာသတင်း နိုင်ငံတကာသတင်း နိုင်ငံတကာသတင်း

အီတလီကမ်းရိုးတန်း ရေအောက်မှ ၃ ဒသမ ၅ တန် အလေးချိန်ရှိ ရုပ်တုကြီး ထူးဆန်းစွာပျောက်ကွယ်နေ

မီလန် ဇန်နဝါရီ ၇

အီတလီနိုင်ငံ ကာလာဘရီးယားဒေသ ကမ်းရိုးတန်း ကမ်းလွန်ရေပြင်၌ ၂၀၀၇ ခုနှစ်မှစတင်၍ ရေအောက်တွင် နှစ်မြှုပ်ထားရှိခဲ့သော အလေးချိန် ၃ ဒသမ ၅ တန်ရှိ ရုပ်တုတစ်ရုပ် ထူးဆန်းစွာ ပျောက်ဆုံးမှုကို အီတလီရဲတပ်ဖွဲ့က အဖြေရှာလျက်ရှိကြောင်း ဇန်နဝါရီ ၇ ရက် သတင်းများ၌ ဖော်ပြထားသည်။

ပါအိုလာမြို့၏ စိန့်ဖရန်စစ် အမည်ရှိ အဆိုပါ ကြေးသွန်းရုပ်တုကြီးကို မည်သူ သို့မဟုတ် မည်ကဲ့သို့အရာက ရွှေ့ပြောင်းယူဆောင်သွားနိုင်ကြောင်း အီတလီ အာဏာပိုင်များအကြား ဝိဝါဒကွဲပြားငြင်းခုံနေခဲ့ရသည်။

ပါအိုလာမြို့၏ စိန့်ဖရန်စစ် ကြေးသွန်းရုပ်တုကြီးသည် ၇ ဒသမ ၂ ပေ မြင့်မား၍ ရုပ်တုတစ်ခုလုံးအား ကွန်ကရစ်ဖြင့်သွန်းလောင်းကာ အနက် ၄၅ ပေရှိ ပင်လယ်ရေအောက်အတွင်း ထားရှိထားခြင်းဖြစ်သည်။

အီတလီ ကမ်းရိုးတန်း ရေပြင်တစ်လျှောက် ငါးဖမ်းလုပ်ငန်း လုပ်ကိုင်မှုနှင့် ရေငုပ်သမားများ ဒဏ်မှ ကာကွယ်ရန် သတိပေးသည့်အနေဖြင့် သူတော်စင် ရုပ်တုပေါင်း များစွာအား ရေအောက်၌ ထားရှိခဲ့ရာ ယခုပျောက်ဆုံးခဲ့ရသည့် စိန့်ဖရန်စစ် ရုပ်တုသည်လည်း အပါအဝင်ဖြစ်ခဲ့သည်။

အရွယ်အစား ကြီးမားသော ငါးဖမ်းသင်္ဘောတစ်စင်း၏ ပိုက်ကွန်ထဲ၌ မတော်တဆ မှားယွင်းပါရှိသွားခဲ့သလောဟူသော အချက်မှစ၍ စိန့်ဖရန်စစ် ရုပ်တုပျောက်ကွယ်ရခြင်း၏ ဖြစ်နိုင်ဖွယ် အချက်အလက်များကို အီတလီရဲတပ်ဖွဲ့နှင့် ကမ်းခြေစောင့် တပ်ဖွဲ့များက စုံစမ်းစစ်ဆေးလျက်ရှိသည်။

စိန့်ဖရန်စစ် ရုပ်တုကြီး မမျှော်လင့်ဘဲ ပျောက်ကွယ်ခဲ့ရခြင်းနှင့် ပတ်သက်၍ ဒေသခံ ရေငုပ်သမားအများအပြားတို့သည် ၎င်းတို့မသက်ာဖြစ်ရသည့် နေရာများသို့ ရေငုပ်၍ ရှာဖွေထောက်လှမ်းလျက်ရှိသည်။

စိန့်ဖရန်စစ်သည် ပါအိုလာမြို့၌ ၁၁၈၁ ခုနှစ်တွင် မွေးဖွားခဲ့သော သူတော်စင်တစ်ပါးဖြစ်ပြီး ၎င်းအား ကာလာဘရီးယားဒေသ၏ သူတော်စင်အဖြစ် ပုပ်ရဟန်းမင်းကြီး ပွန်-၁၈ က ၁၉၆၃ ခုနှစ်တွင် အသိအမှတ်ပြုခဲ့သည်။ ***အင်တာနက်။***

ယ နေ့ သ တ င် း အ ညွှ န် း

စိတ်တူကိုယ်တူ အလုပ်လုပ်လိုသူများအတွက် သမဝါယမနည်းလမ်းများဖြင့် ပံ့ပိုးကူညီပေးလျက်ရှိ

ပြည်တွင်းသတင်း စာမျက်နှာ ၉

သတိပြုစရာ ကြက်ငှက်တုပ်ကွေးရောဂါ

"ကြက်ငှက်တုပ်ကွေးရောဂါက ဆောင်းနိုင်ငံကတွေ လာလေ့ရှိတဲ့ အခုလို ဆောင်းရာသီနဲ့ နွေဦးပေါက်မှာ ဖြစ်ပွားလေ့ရှိ"

ဆောင်းပါး စာမျက်နှာ ၆

အီရန် ငါးဖမ်းသင်္ဘောသားများအား အမေရိကန် ရေတပ် ကယ်တင်ခြင်းကို အီရန်အစိုးရ ကြိုဆို

နိုင်ငံတကာသတင်း စာမျက်နှာ ၄

အာကာသဟင်းလင်းပြင်၌ ကိုလိုနီနယ်မြေများ ချဲ့ထွင်သင့်ကြောင်း သိပ္ပံပညာရှင် စတီဖင်ဟော့ကင်းပြောကြား

နိုင်ငံတကာသတင်း စာမျက်နှာ ၅

ကြေးမုံစာတည်းရှထောင့် ၈-၁-၂၀၁၂[တနင်္ဂနွေနေ့]။

သာဓုအနုမောဒနာခေါ်ဆိုပါသည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ပင့်ဆောင်ခဲ့သော ဗုဒ္ဓစွယ်တော်မြတ်အား ပြည်သူများက ယုံကြည်မှုသဒ္ဒါတရား ထက်သန်စွာဖြင့် လှူဒါန်းပူဇော်မှုပြုခဲ့ကြသည်ကို မကြာသေးမီကာလက ဝမ်းမြောက်ကြည်ညိုဖွယ် တွေ့မြင်ခဲ့ရပါသည်။ ဗုဒ္ဓမြတ်စွယ်တော်အား ရည်စူး၍ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် မြန်မာနိုင်ငံသားများ၏ လှူဒါန်းပူဇော်မှုအစုစုတို့မှာ ယမန်နှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့အထိ အမေရိကန်ဒေါ်လာ လေးသန်းနီးပါး၊ နိုင်ငံတကာသုံးငွေကြေး ၆၂ မျိုး၊ ရွှေငွေရတနာပစ္စည်းတန်ဖိုး ကျပ်၉၅၈ သန်းကျော်၊ ကျောက်မျက်ရတနာနှင့် အထည်တန်ဖိုး ကျပ် ၁၂၆၉ သန်းကျော်၊ ဗုဒ္ဓစွယ်တော်ကျောင်းတိုက်တွင် ဆင်းတုထုလုပ်ရန် ယူရို သုံးသန်း၊ ပလ္လင်အတွက် ယူရို နှစ်သိန်းနှင့် ဘုရားဆင်းတုတော်နှင့် ဆက်ဆိုင်ရာအမြောက်အမြားအား အံ့ချီးမကုန်လှူဒါန်းမှုများပြုခဲ့ကြပေသည်။

လောကသုံးပါး၌ အမှန်တကယ်ကိုးကွယ်ရာအစစ် ဖြစ်တော်မူသော ဘုရားရတနာမြတ်အပေါ်၌ ကြည်ညိုခြင်းသဒ္ဓါတရားသည် မြန်မာလူမျိုးများ၏ အဖိုးမဖြတ်နိုင်သော ပူဇော်မှုအစစ်အမှန်များပင် ဖြစ်သည်။ မြတ်စွာဘုရားရှင်အား သက်တော်ထင်ရှားရှိသည့်အလား ကိုးကွယ်ဆည်းကပ်မှုပြုခြင်းသည် ဗုဒ္ဓသရဏဂုံ မည်ထိုက်ပေသည်။ သုံးလောကထွတ်ထား မြတ်ဘုရားရှင်ကို အောက်မေ့ခြင်းမှာ အစဉ်ပြုထိုက်သော ကုသိုလ်တရားဖြစ်သည်။

မြန်မာပြည်သူပြည်သားအပေါင်းတို့သည် ဗုဒ္ဓမြတ်စွယ်တော် အစစ်အမှန်ကို တဒင်္ဂသာဖူးတွေ့လိုက်ကြရသော်လည်း ထာဝရရင်ဝယ်ပိုက်ခဲ့ကြသည်။ သူ့ထက်ငါဦး အလုအယက်ဖူးမြော်ကုသိုလ်ပြုကြသည်။ မြန်မာတို့၏ ဘာသာတရားကိုင်းရှိုင်းမှုမှာ အတိုင်းထက်အလွန်ပင်ဖြစ်၍ သာဓုမခေါ်၍ပင် မနေနိုင်လောက်အောင် ဖြစ်ကြရသည်။ ပြုကြသူ ကုသိုလ်ရှင်များ၊ ဖူးခွင့်ပြုသူများကိုပါ သာဓုခေါ်ဆိုရမည်ဖြစ်သည်။

ထိုလှူဒါန်းမှုအစုစုတို့ဖြင့် ပူဇော်ထိုက်၊ အလေးအမြတ်ပြုထိုက်သော စေတီဘုရားအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ လော့ယန်မြို့တွင် ရွှေတိဂုံပုံတူစေတီမြတ်ဘုရား တည်ထားကိုးကွယ်ဦးမည် ဖြစ်သည်။ မြန်မာနိုင်ငံသို့ ဗုဒ္ဓမြတ်စွယ်တော်ကြွရောက်စဉ် စွယ်တော်မြတ်သို့ လှူဒါန်းပူဇော်ခဲ့ကြသူပြည်သူအားလုံးမှာ ဘုရားဒါယကာ၊ ဘုရားဒါယိကာမများဖြစ်ကြတော့မည်။

ထိုမျှသာမက တည်ထားမည့်စေတီကို ဖူးရသူတိုင်း၊ အာရုံယူ ကုသိုလ်ပြုကြသူတိုင်း မြန်မာနိုင်ငံသားများ၏ ကောင်းမှုဂုဏ်ကို ချီးကျူးကြမည်။ သာဓုခေါ်ကြမည်ဖြစ်သည်။ မြန်မာနိုင်ငံ၌ ကောင်းမှုကုသိုလ်ပြုကြသူအားလုံး အနေဖြင့် ဆက်လက်ပွားများအပ်သည့် ဂရုဓမ္မကုသိုလ်များကို ခံယူထားဖို့လို၏။ သက်တော်ထင်ရှားမြတ်စွာဘုရား၏ မြတ်စွယ်တော်၌သော်လည်းကောင်း၊ မျက်မှောက်၊ မျက်ကွယ် နှစ်သွယ် နှစ်စား မြတ်ဘုရားများကိုလည်းကောင်း ပူဇော်ရသောပုဂ္ဂိုလ်တို့၏စိတ်၌ ကြည်ညိုခြင်းသည် တူညီခဲ့သည်ရှိသော် ထိုကုသိုလ်တရားတို့သည် မြတ်သည်၏အဖြစ်သို့ ရောက်သည်ဖြစ်၍ ဆက်စပ်တိုးပွား အကျိုးတရားတို့သည်လည်း ထပ်တူညီမျှပင်ဖြစ်ပေလိမ့်မည်ဟု ဆိုသည်။

သို့ဖြစ်၍ ဗုဒ္ဓမြတ်စွယ်တော်အား လှူဒါန်းပူဇော်ခဲ့ရသောကုသိုလ်ကဲ့သို့ စေတီတို့၏ရှေ့၌ ဝန်းကျင်၌ သက်တော်ထင်ရှားမြတ်ဘုရားရှင်၏ရှေ့၌ ဝန်းကျင်၌ဟု ထပ်တူထပ်မျှ သဘောထားကာ ဂါရဝတရားများ ထားရှိကြရမည်သာ ဖြစ်သည်။ သို့မှသာ မြတ်ဘုရားရှင်အား အရိုအသေပြုရာ၊ အလေးအမြတ်ပြုရာ၊ ပူဇော်ရာရောက်မည်ဖြစ်ရာ ပြုပြီး၊ ပြုဆဲ၊ ပြုလတ္တံ့သော မိမိပြုသမျှ ကောင်းမှုကုသိုလ်အားလုံး ထပ်တူထပ်မျှသော ကုသိုလ်အကျိုးတရားများ ရရှိကြမည်ဖြစ်ပါသည် ။ ။

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံများမှနိုင်ငံအကြီးအကဲများက သဝဏ်လွှာများ ပေးပို့

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ လည်းကောင်း၊ ဒုတိယသမ္မတများနှင့် နိုင်ငံခြားရေးဝန်ကြီးထံသို့ လည်းကောင်း နိုင်ငံတကာမှ နိုင်ငံအကြီးအကဲများနှင့် ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့ခဲ့ကြသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီဆိုင်ညဆွန်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ လာအိုပြည်သူများနှင့် အစိုးရအဖွဲ့တို့ကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား အစဉ်အလာအရ တည်ရှိခဲ့ပြီးဖြစ်သော ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအလို့ငှာ ဆက်လက်ခိုင်မြဲအောင် လုပ်ဆောင်နိုင်မည်ဟု မိမိတို့မျှော်လင့်ကြောင်း။

ဆုမွန်တောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တိုးတက်ကြွယ်ဝရေးအတွက် ဦးဆောင်ဦးရွက်ပြုသွားနိုင်ရန် အဆွေတော်သမ္မတကြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းရေးအတွက် မိမိတို့ဆုမွန်တောင်းအပ်ပါကြောင်း လာအိုနိုင်ငံသမ္မတ၏ သဝဏ်လွှာ၌ ဖော်ပြထားသည်။

အလားတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်ကလည်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အီတလီသမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ အီတလီသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျီယောဂျီယို နပိုလီတာနိုက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ အီတလီပြည်သူများနှင့် အစိုးရအဖွဲ့ကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

မြန်မာနိုင်ငံ၌ ဖြစ်ပေါ်ခဲ့သည့် အပြုသဘောဆောင်သော ဖွံ့ဖြိုးတိုးတက်မှုများအတွက် မိမိဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းပေါ်တွင် မယိမ်းမယိုင် ဆက်လက်လျှောက်လှမ်းရေးအတွက် မြန်မာနိုင်ငံအစိုးရအဖွဲ့အား မိမိအားပေးပါကြောင်း အီတလီသမ္မတ၏ သဝဏ်လွှာ၌ ဖော်ပြပါရှိသည်။

— — — — — — —

အီဂျစ်နိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ အီဂျစ်နိုင်ငံ တပ်မတော်ဦးသျှောင်ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မိုဟာမက်ဟူစိန်တန်တဝီက ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ အီဂျစ်နိုင်ငံပြည်သူများနှင့် အစိုးရအဖွဲ့ကိုယ်စား မိမိအနေဖြင့် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

အဆွေတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများ ဖွံ့ဖြိုးတိုးတက်စေရန် မိမိဆုမွန်တောင်းအပ်ပါကြောင်း။

မြန်မာနိုင်ငံ၌ လက်ရှိဖြစ်ပေါ်နေသော အပြုသဘောဆောင်သည့် ဖွံ့ဖြိုးတိုးတက်မှုများသည် ဒီမိုကရေစီ အသွင်ကူးပြောင်းမှု၊ စီးပွားရေးအသွင်ပြောင်းလဲမှု၊ အမျိုးသားပြန်လည်ပေါင်းစည်းရေးနှင့် မြန်မာပြည်သူများ ရှေ့ဆက်တည်ငြိမ်ဖွံ့ဖြိုးရေးတို့အတွက် အာမခံချက်ပေးနိုင်မည့်မူဝါဒများ ဖြစ်ပေါ်လာစေရန် လမ်းဖွင့်ပေးလိမ့်မည်ဟု မိမိယုံကြည်ကြောင်း ဗိုလ်ချုပ်ကြီး မိုဟာမက်ဟူစိန်တန်တဝီ၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။

မိမိတို့နှစ်နိုင်ငံလုံးနှင့် ပြည်သူများ၏ ဘုံအကျိုးစီးပွားအတွက် ၁၉၅၃ ခုနှစ်မှ စတင်ခဲ့သည့် အီဂျစ်-မြန်မာဆက်ဆံရေး ဆက်လက်ဖွံ့ဖြိုးတိုးတက်လာရန် ဆန္ဒပြုပါကြောင်း သဝဏ်လွှာ၌ ဖော်ပြပါရှိသည်။

— — — — — — —

ရိုမေးနီးယားသမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄) နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ရိုမေးနီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ထရာယန် ဘာဆက်စ်ကူက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ရိုမေးနီးယားပြည်သူများနှင့် အစိုးရအဖွဲ့တို့ကိုယ်စား မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မြန်မာပြည်သူအပေါင်း ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်စေရန် မိမိ ဆုမွန်တောင်းအပ်ပါကြောင်း ရိုမေးနီးယားသမ္မတ မစ္စတာ ထရာယန် ဘာဆက်စ်ကူ၏ သဝဏ်လွှာ၌ ဖော်ပြပါရှိသည်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၈-၁-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၂။ တရားတော်
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာ့ရှုခင်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ ဇာတ်လမ်းတို
- ၈း၂၅ ၁၂။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၁၁း၀၅ ၂။ အဖွင့်သီချင်း
- ၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁း၁၅ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၁း၂၀ ၅။ **ကာတွန်းအစီအစဉ် -ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရှုပ်ကလေးများ (အပိုင်း-၂၀)**
- ၁၁း၅၀ ၆။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ရှင်သန်ခြင်းရဲ့အဓိပ္ပာယ်**
- ၁၂း၄၀ ၇။ ကျန်းမာသုတ
- ၁၂း၅၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၁း၀၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောနှလုံးသား (အပိုင်း-၄၉)**

ညပိုင်း

- ၄း၀၂ ၁။ နိုင်ငံတော်သီချင်း
- ၄း၀၃ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၂၀ ၅။ မှတ်တမ်း
- ၄း၃၀ ၆။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၄း၃၅ ၇။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
- ၄း၅၀ ၈။ ရန်သူမီး
- ၅း၀၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၃၀ ၁၀။ ဒိဗိုင်နာတို့ရဲ့ဒိဗိုင်း
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၃။ ဘဝကြေးမုံ -သုံးပန်လှသက်လှယ်(၁) (ပိုင်ဇေရဲထွန်း၊ လင်းဇာနည်ဇော်၊ ဝါဝါအောင်နှင့်သရုပ်ဆောင်များ) [ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)]
- ၆း၅၀ ၁၄။ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
- ၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သစ္စာစေတမာန် (အပိုင်း-၄)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ ယနေ့ရန်ကုန်မြင်ကွင်းစုံ
- ၂၁။ ပဟေဠိနန်းတော်
- ၂၂။ ကျန်းမာသုတ
- ၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -တစ်နေ့သောအခါ (အပိုင်း-၃)**
- ၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၁၁၁)**

ပေါင်းတလည်မြို့ အမှတ်(၂၉) သစ်စက်တွင် ဒီဇင်ဘာ ၂၂ ရက်က ပြည်ဒေသမှ လက်ထောက်အထွေထွေမန်နေဂျာ ဒေါ်ဥမ္မာကျော်၊ ဒေသမန်နေဂျာ ဦးတင်ဝင်းတို့ ဦးဆောင်၍ အမှတ်(၂၉)သစ်စက် စက်ရုံမှူး ဦးမြင့်ဌေးနှင့် သစ်စက်ဝန်ထမ်းများက ပေါင်းတလည်မြို့ မီးသတ်တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ စက်ရုံအတွင်း မီးဘေး ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြစဉ်။

(၁၃၅)



ဘဏ်လုပ်ငန်းဆိုင်ရာ စာရင်းထိန်းသိမ်းရေးသင်တန်းဆင်း

ရန်ကုန် ဇန်နဝါရီ ၇

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် (မန္တလေးတိုင်းဒေသကြီး) ဘဏ်လုပ်ငန်းဆိုင်ရာ စာရင်းထိန်းသိမ်းရေးသင်တန်း အမှတ်စဉ် (၁/၂၀၁၁)ဆင်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၆ ရက် နံနက် ၇ နာရီတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ဘဏ်လုပ်ငန်း သင်တန်းကျောင်း၌ ကျင်းပရာ မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)မှ အထွေထွေမန်နေဂျာ ဦးမြင့်ဦးက အမှာစကားပြောကြားပြီး ထူးချွန်ဆုများပေးအပ်သည်။ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၄၀ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၇ - ၁ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၁. ၇၀၀၀	၀. ၀၃၁၅၅
တရုတ် (ယွမ်)	၆. ၃၀၈၅၀	၀. ၁၅၈၅၂
အိန္ဒိယ (ရူပီး)	၅၂. ၇၂၀၀	၀. ၀၁၈၉၇
မလေးရှား (ရင်းဂစ်)	၃. ၁၄၅၀၀	၀. ၃၁၇၉၇
စင်ကာပူ (ဒေါ်လာ)	၁. ၂၉၂၅၀	၀. ၇၇၃၆၉
ဂျပန် (ယန်း)	၇၆. ၉၇၀၀	၀. ၀၁၂၉၉
တောင်ကိုရီးယား(ဝမ်)	၁၁၆၀. ၀၀	၀. ၀၀၀၈၆
ယူရို	၀. ၇၈၆၄၁	၁. ၂၇၁၆၀
ဗြိတိသျှ (ပေါင်)	၀. ၆၄၈၀၃	၁. ၅၄၃၁၅

အင်တာနက်။

(၆၄)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန သာသနာရေး ဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၆၄)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသက သာရဏီယဩဝါဒ ကထာကို မြွက်ကြားချီးမြှင့်တော်မူသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်ဌေးတို့က သာသနာရေး ဆိုင်ရာများကို လျှောက်ထားကြသည်။

ထို့နောက် (၆၄)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကျင်းပရေးအတွက် အလှူရှင်များက အလှူတော်ငွေများ ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

အဆိုပါ တိပိဋကဓရ၊ တိပိဋကကောဝိဒ စာမေးပွဲကို ဖေဖော်ဝါရီ ၁၈ ရက်အထိ ၃၃ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ကျင်းပ

(၆၄)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး ဦးအောင်ကျော်ကျော်ဦး ဒီဇင်ဘာ ၂၇ ရက်က မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အဆင့်မြှင့်တင်ဆောင်ရွက်မည့် ထားဝယ်ကမ်းတံတားကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးစိုးတင့် ဝန်ထမ်းများအား တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဇန်နဝါရီ ၂ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပစ္စည်းသိုလှောင်ရေးနှင့် ဖြန့်ဖြူးရေးရုံး (ရန်ကင်း) အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပစ္စည်းများ စနစ်တကျ သိုလှောင်၊ လုပ်ငန်းလိုအပ်ချက်အရ ညွှန်ကြားချက်နှင့်အညီ ဖြန့်ဖြူးရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ မီးဘေးလုံခြုံရေးဆိုင်ရာ စီမံချက်များ စနစ်တကျ ရေးဆွဲထားရှိပြီး စီမံချက်ပါအတိုင်း လက်တွေ့လုပ်ဆောင်နိုင်ရေး ကြိုတင်ဇာတ်တိုက် လေ့ကျင့်ရန်၊ ဝန်ထမ်းကျင့်ဝတ် စည်းကမ်းများနှင့်အညီ စေတနာထား၍ ဆောင်ရွက်ရန်၊ လုပ်ငန်းသုံး ပစ္စည်းများမှာ တန်ဖိုးကြီးမားသော ပစ္စည်းများဖြစ်၍ လေလွင့်ဆုံးရှုံးမှု မရှိစေရေးဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးဘုန်းဆွေအား ဂျာမနီနိုင်ငံ ပါလီမန်အမတ်များတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေအား ဂျာမနီနိုင်ငံ ပါလီမန်အမတ်များဖြစ်သည့် Mr. Jürgen Klimke နှင့် Dr. Bijan Djir-Sarai တို့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ လူမှုဝန်ထမ်းလုပ်ငန်းရပ်များနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီးလောင်မှုလျော့နည်းကျဆင်းစေရန်

(က) မီးသုံးစွဲလျှင် အမြဲသတိရှိပြီး လူစောင့်ထားပါ။
(ခ) မီးဖိုအနီးတွင် လောင်စာနှင့်လောင်စာဆီများ မထားပါနှင့်။
(ဂ) မီးဖိုများကို မြေကျင်းတူး၍ စနစ်တကျအသုံးပြုပါ။
(ဃ) ကလေးသူငယ်များကို မီးမဆော့ပါစေနှင့်။
(င) မီးခွက်၊မီးအိမ်၊ ဖယောင်းတိုင်များကို ထရံအနီး၊ ခြင်ထောင်အနီးတွင် မထွန်းပါနှင့်။
(စ) တောမီးလောင်မှုကြောင့် အဆောက်အအုံများကို မီးကူးစက်လောင်ကျွမ်းခြင်းမခံရအောင် ရွာပတ်ဝန်းကျင်တွင် လုံလောက်သော မီးတားလမ်းများ စနစ်တကျပြုလုပ်ထားပါ။
(ဆ) လူနေအိမ်ခြေနှင့် ကပ်လျက်ကောက်ရိုးပုံ၊ ပြောင်းပုံများစုမထားပါနှင့်။
(ဇ) ဓာတ်ဆီရောနှောထားသော ရေနံဆီများကို မီးမထွန်းပါနှင့်၊ မီးလည်း မမွေးပါနှင့်။
(ဈ) ကောက်ရိတ်သိမ်းချိန်တွင် လယ်ကွင်းအတွင်း၌ ဆေးလိပ်သောက်ခြင်း၊ မီးကိုအသုံးပြုခြင်းမလုပ်ပါနှင့်။
(ည) အမဲလိုက်၊ ထင်းခွေသူများ ဆေးလိပ်မီးကို အရမ်းပစ်ခြင်းမပြုလုပ်ပါနှင့်။
(ဋ) ဟိုတယ်၊ မိုတယ်၊အင်း၊တည်းခိုခန်း၊ စားသောက်ဆိုင်နှင့် လုပ်ငန်းများတွင် ထိရောက်သော မီးဘေးကာကွယ်ရေး ပစ္စည်းများကို လုံလောက်စွာထားရှိပါ။
(ဌ) မြို့/ရပ်ကွက်၊ ကျေးရွာများအလိုက်အပေါ့စားမီးသတ်စက်များ၊ မီးသတ်ကန်များ၊ မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများကို ကိုယ့်အားကိုယ်ကိုး ဝယ်ယူထားပါ။

မီးသတ်ဦးစီးဌာန။

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ရွှေသင်းဘိုးဘွားရိပ်သာ၌ ဒီဇင်ဘာ ၂၃ ရက် နံနက် ၉ နာရီက စေတနာရှင်များမှ ငွေပဒေသာပင်များ စိုက်ထူလှူဒါန်းရာ ရန်ကုန်မြို့ (၂၈)လမ်းနေ ပျဉ်းမနားပွဲရုံ ဦးချစ်မောင်-ဒေါ်တင်မြ မိသားစုက ငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းစဉ်။

(ခရိုင်ပြန်/ဆက်)

နှစ်ပတ်လည် စည်းဝေးကျင်းပမည့်ရက် ပြောင်းလဲ

ရန်ကုန် ဇန်နဝါရီ ၇

ပေါင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၁၇ ရက်အစား ဇန်နဝါရီ ၁၅ ရက် (တနင်္ဂနွေနေ့)နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတောင်ဘက်မုခ် မွန်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်အတွင်းရှိ အခြေခံရောင်းဝယ်ရေး သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ဒီဇင်ဘာ ၃ ရက်က မြို့နယ်ဦးစီးအရာရှိ ဦးကျော်ဆန်းလင်း၊ ဦးစီးမှူး ဒေါ်လှလှဝင်း၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးကျင်စိန်နှင့် တာဝန်ရှိသူများ ချမ်းမြေ့ရောင်းဝယ်ရေးသမဝါယမအသင်းသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (၃၈၇)

နိုင် ငံ တ ကာ ရုပ် ရှင် အ နု ပ ညာ ရပ် ဝန်း

CNN ၏၂၀၁၁ ခုနှစ် အကောင်းဆုံးဇာတ်ကား ၁၀ ကားတွင် ကိုရီးယားဇာတ်ကား Poetry ဇာတ်ကား ပါဝင်

CNN သတင်းဌာန၏ ၂၀၁၁ ခုနှစ် အကောင်းဆုံးရုပ်ရှင်ကား ၁၀ ကား စာရင်းတွင် ကိုရီးယားဒါရိုက်တာ လီချန်းဒေါင် ဖန်တီးရိုက်ကူးခဲ့သော Poetry ဇာတ်ကားမှာလည်း တစ်ကား အပါအဝင်အဖြစ် ရွေးချယ်ခံခဲ့ရကြောင်း သတင်းများတွင် ဖော်ပြသည်။

CNN သတင်းဌာန၏ ဝက်ဘ်ဆိုက်တွင် ၂၀၁၁ ခုနှစ်၏ အကောင်းဆုံး ရုပ်ရှင်ကား ၁၀ ကား စာရင်းတွင် အခြား ဇာတ်ကားများမှာ ဟောလိဝုဒ်ရုပ်ရှင်လောကမှ Hugo၊ Margaret၊ The Descendants၊ Source Code၊ Drive၊ Melancholia၊ Nostalgia for the light၊ Take Shelter နှင့် Bride Smaids ဇာတ်ကားတို့ ဖြစ်ကြသည်။

Poetry ဇာတ်ကားတွင် ကိုရီးယား မင်းသမီးကြီး ယွန်ဂျွန်ဟီးက အဓိက ဇာတ်ဆောင်အဖြစ် သရုပ်ဆောင်ထားပြီး ငယ်ရွယ်စဉ်ဘဝတွင် အယ်လ်ဇိုင်းမားရောဂါခံစားခဲ့ရသော်လည်း အသက်ကြီးရင့်လာသောအခါတွင် ကိုယ်ပိုင်ကဗျာများ ဖန်တီးရေးသားနိုင်ရန် ရုန်းကန်လှုပ်ရှားရပုံများကို သရုပ်ဖော် ရိုက်ကူးထားသည်။

ဒါရိုက်တာလီ၏ လက်စွမ်းပြ ရိုက်ကူးမှု၊ မင်းသမီးကြီး ယွန်ဂျွန်ဟီး၏ သရုပ်ဆောင်ဟန်များ ပေါင်းစပ်ထားသော ဤဇာတ်ကားသည် ကန်းရုပ်ရှင်ပွဲတော်တွင်လည်း ဆုရရှိခဲ့သကဲ့သို့ ဆွစ်ဇာလန်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်တွင်လည်း အကောင်းဆုံး ဒါရိုက်တာဆုနှင့် အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆုများ ဆွတ်ခူးရရှိခဲ့သည်။

အေဝမ်းစိုး

အင်ဂျင်နီယာဆရာပူဇော်ကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၇

အင်ဂျင်နီယာတက္ကသိုလ်များဖြစ်သော စက်မှုတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်များမှ အင်ဂျင်နီယာ၊ ဗိသုကာ ကျောင်းသား၊ ကျောင်းသူဟောင်းများက တာဝန်ထမ်းဆောင်ပြီး၊ ထမ်းဆောင်ဆဲ အသက်(၅၈)နှစ်နှင့်အထက် ဘာသာရပ်အသီးသီးမှ ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ ကူညီပံ့ပိုးမှုဖြင့် ရန်ကုန်မြို့၌ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ပြီး မိတ်ဆုံစားပွဲကိုလည်း ၎င်းနေ့ညနေပိုင်းတွင် ကျင်းပမည်ဖြစ်သည်။

ပြည်တွင်း ပြည်ပမှ ဆရာ၊ ဆရာမကြီး ၃၀၀ ခန့် ကြွရောက်ကန်တော့ခံကြမည်ဖြစ်သဖြင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက်ကြွရောက်နိုင်ကြရန် ဆရာကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီက ကြိုတင်အသိပေးနှိုးဆော်ထားကြောင်း သိရှိရသည်။ အလှူငွေ၊ အလှူပစ္စည်းများလှူဒါန်းလိုပါက ဦးဇော်မင်း ဖုန်း-၀၉-၅၀၂၂၃၄၉၊ ဦးလှဝင်း ဖုန်း-၀၉-၅၀၂၇၆၁၂ United Engineering Group of Companies, ရတနာလမ်းနှင့် ဝေဇယန္တာလမ်းထောင့် သဃ်န်းကျွန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၇၁၈၇၇၊ ၅၇၁၃၂၁၊ ၅၇၂၂၈၁၊ ၅၇၃၆၂၉၊ ဦးစိုးမြင့် Myan Shwe Pyi Tractors Ltd. သာကေတစက်မှုဇုန် ရန်ကုန်မြို့ ဖုန်း-၀၁-၅၄၇၃၀၅၊ ၀၉-၈၆၁၅၅၃၂ နှင့် ဦးမြင့်စိုး မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းရုံး ဖုန်း-၀၉-၅၁၄၁၃၂၂၊ ၀၁-၅၀၉၆၇၃-၆ လိုင်းခွဲ ၂၀၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မာရသွန်ပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၄ ရက်တွင် ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးထူးကိုကို၊ ပင်းတယမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကြည်၊ ဒေသဦးစီးအဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ တက်ရောက်ကြည့်ရှုအားပေးကြပြီး ဆုရရှိကြသူများအား ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပါလက်စတိုင်းနယ်မြေများနှင့် အစ္စရေးနိုင်ငံတို့သို့ ကုလသမဂ္ဂ အကြီးအကဲ ဘန်ကီမွန်း သွားရောက်မည်

ကုလသမဂ္ဂ ဇန်နဝါရီ ၇

ကုလသမဂ္ဂအကြီးအကဲ ဘန်ကီမွန်းသည် ပါလက်စတိုင်းနယ်မြေများနှင့် အစ္စရေးနိုင်ငံတို့သို့ သွားရောက်မည်ဖြစ်ကြောင်း သံတမန်များက ဇန်နဝါရီ ၇ ရက်တွင် ပြောကြားသည်။

အသိမ်းပိုက်ခံ ပါလက်စတိုင်းနယ်မြေများ၌ ရဟူဒီများ အခြေစိုက်နေထိုင်ရာ ရပ်ကွက်များကို အစ္စရေးနိုင်ငံက တိုးချဲ့တည်ဆောက်နေခြင်းကြောင့် တင်းမာမှုများ ဖြစ်ပေါ်နေချိန်အတွင်း အရှေ့အလယ်ပိုင်းဒေသသို့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်း သွားရောက်မည်ဖြစ်ကြောင်း သံတမန်များက အတည်ပြုပြောကြားသည်။

ဘန်သည် ဇန်နဝါရီလကုန် သို့မဟုတ် ဖေဖော်ဝါရီလ အစောပိုင်းတွင် ရာမာလာမြို့၌ ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ ပါလက်စတိုင်းသံအမတ်ကြီး ရီယတ်မန်ဆောက သတင်းထောက်များအား ပြောကြားသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်သည် အရှေ့အလယ်ပိုင်း ခရီးစဉ်အတွင်း အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့သို့လည်း သွားရောက်မည်ဖြစ်သည်။

ဘန်သည် လာမည့်ရက်သတ္တပတ်၌ လက်ဘနွန်နိုင်ငံနှင့် အာရပ်စော်ဘွားများပြည်ထောင်စုသို့ သွားရောက်မည် ဖြစ်သည်။

ဘန်သည် ရာမာလာမြို့နှင့် ဂျေရုဆလင်မြို့တို့သို့ ၂၀၁၀ ပြည့်နှစ် မတ်လကလည်း ရောက်ရှိခဲ့သည်။ **အင်တာနက်။**

အနောက်ဘက်ကမ်းဒေသရှိ ရဟူဒီ အခြေစိုက်နေထိုင်ရာ အိမ်ရာစခန်းများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နှစ် ၄၀ ကြာ သုံးစွဲခဲ့ပြီးသော ဓာတ်ပေါင်းဖိုများကို ဂျပန်နိုင်ငံ၌ ပိတ်သိမ်းရန် ဥပဒေပြဋ္ဌာန်းမည်

တိုကျို ဇန်နဝါရီ ၇

ဂျပန်နိုင်ငံ၌ နျူကလီးယားဆိုင်ရာ ဘေးဥပဒ်ဆိုက်ရောက်မှုများမှ ရှောင်ရှားနိုင်ရန် နှစ်ပေါင်း ၄၀ ကြာ သုံးစွဲခဲ့ပြီးဖြစ်သော အဏုမြူဓာတ်ပေါင်းဖိုများကို ပိတ်သိမ်းစေမည်ဖြစ်ကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဂျပန်နိုင်ငံ၌ လွန်ခဲ့သည့်နှစ်က ဆူနာမီရေလှိုင်း ရိုက်ခတ်မှုကြောင့် နျူကလီးယားဓာတ်ရောင်ခြည်ဘေးအန္တရာယ် ဖြစ်ပေါ်ခဲ့ရပြီးနောက် နျူကလီးယားစွမ်းအင်ဆိုင်ရာ ဘေးအန္တရာယ်လုံခြုံရေး အစီအစဉ်များကို အစိုးရက ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားစက်ရုံရှိ ဓာတ်ပေါင်းဖိုသုံးလုံးသည် လွန်ခဲ့သည့် မတ်လက ဆူနာမီရေလှိုင်းရိုက်ခတ်မှုအပြီး ဘေးဥပဒ်ဖြစ်ပေါ်စေခဲ့သည်။ အဆိုပါ ဓာတ်ပေါင်းဖိုများကို ၁၉၆၇ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့သည်။

ဂျပန်နိုင်ငံအလယ်ပိုင်းရှိ နျူကလီးယားဓာတ်အားပေးစက်ရုံများ၌ သုံးစွဲနေသော ဓာတ်ပေါင်းဖိုများမှာ နှစ်ပေါင်း ၄၀ ထက်မနည်း သက်တမ်းရှိကြောင်း၊ ယင်းဓာတ်ပေါင်းဖိုများကို ၁၉၇၀ ပြည့်နှစ်က စတင်ဆောက်လုပ်ခဲ့ကြောင်း အစိုးရ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နှစ်ပေါင်း ၄၀ ကြာမျှ အသုံးပြုခဲ့ပြီးဖြစ်သော ဓာတ်ပေါင်းဖိုများကို ပိတ်သိမ်းပေးရန်အတွက် သက်ဆိုင်ရာ ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းနိုင်ရန် အစိုးရက စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ **အင်တာနက်။**

နယူးဇီလန်၌ ဓာတ်ငွေ့မီးပုံးပျံ ပျက်ကျ စီးနင်းလိုက်ပါလာသူ ၁၁ ဦးသေဆုံး

ဝယ်လင်တန် ဇန်နဝါရီ ၇

နယူးဇီလန်နိုင်ငံ၌ ဓာတ်ငွေ့မီးပုံးပျံတစ်စင်း ပျက်ကျမှုဖြစ်ပွားခဲ့ရာ မီးပုံးပျံစီးနင်းသူ ၁၁ ဦးစလုံး သေဆုံးခဲ့ရကြောင်း ဒေသဆိုင်ရာသတင်းဌာနက ဖော်ပြသည်။

နယူးဇီလန်နိုင်ငံ မြို့တော်ဝယ်လင်တန်မြောက်ဘက် ကာတာတန်အမည်ရှိ မြို့ငယ်အနီး၌ ဓာတ်ငွေ့မီးပုံးပျံပျက်ကျခဲ့ခြင်းဖြစ်သည်။ ဓာတ်ငွေ့မီးပုံးပျံပျက်ကျချိန်တွင် ရာသီဥတုကောင်းမွန်လျက်ရှိပြီး လျှပ်စစ်ဓာတ်အားပေးပို့သော ကောင်းကင်ကေဘယ်လ်ကြိုးတစ်ကြိုးနှင့် တိုက်မိကာ မတော်တဆမှုဖြစ်ပွားခဲ့သည်ဟု ယူဆရကြောင်း သတင်းတွင်ပါရှိသည်။

ဓာတ်ငွေ့မီးပုံးပျံပေါ်၌ မီးလောင်မှုဖြစ်ပွားခဲ့သည်ဟု ယူဆရကြောင်း၊ ယင်းမီးပုံးပျံသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရာ နေရာဒေသတစ်နေရာပေါ်သို့ ပျက်ကျခဲ့ကြောင်း၊ မီးပုံးပျံမှူးနှင့် ခရီးသည် ၁၀ ဦးစလုံး သေဆုံးခဲ့ရကြောင်း ဝယ်လ်လင်တန်ခရိုင် ရဲတပ်ဖွဲ့မှူး မိုက်ရပ်စ်ဘက်ချ်က ပြောကြားသည်။

မီးလောင်မှုဖြစ်ပွားသော မီးပုံးပျံပေါ်မှ ခုန်ချနိုင်ရန် ခရီးသည်နှစ်ဦး ကြိုးပမ်းခဲ့သည်ဟု ယူဆရသည်။

မတော်တဆမှု ဖြစ်ပွားခဲ့ပြီးနောက် ဒေသခံများက ကယ်ဆယ်ရေးလုပ်ငန်းကို လုပ်ကိုင်ပေးနိုင်ရန် မီးပုံးပျံပျက်ကျရာနေရာသို့ သွားရောက်ခဲ့ကြသည်။ **ဆင်ဟွာ။**

ကင်ညာတပ်ဖွဲ့က လေကြောင်းမှ တိုက်ခိုက် အယ်လ်ရှာဘတ် စစ်သွေးကြွ ၆၀ ကျော် သေဆုံး

နိုင်ရိုဘီ ဇန်နဝါရီ ၇

ဆိုမာလီနိုင်ငံတောင်ပိုင်း ဂါဘာဟာရီမြို့အနီးရှိ စခန်းတစ်ခုကို ကင်ညာတပ်ဖွဲ့က လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ စစ်သွေးကြွ ၆၀ ကျော်သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဇန်နဝါရီ ၇ ရက်တွင် အတည်ပြုပြောကြားသည်။

ဆိုမာလီစစ်သွေးကြွများ၏စခန်းကို လေကြောင်းမှ တိုက်ခိုက်ခဲ့ရာတွင် မော်တော်ယာဉ် ၁၀ စီးထက်မနည်း မီးလောင်ခဲ့ကြောင်း၊ ကင်ညာစစ်ဘက်ဆိုင်ရာပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးအီမာနွယယ်လ်ချာချီက ပြောကြားသည်။

ဗုံးကြဲတိုက်ခိုက်

ကင်ညာကာကွယ်ရေးတပ်ဖွဲ့မှ ဂျက်လေယာဉ်များသည် အယ်လ်ရှာဘတ်စခန်းကို ဇန်နဝါရီ ၆ ရက်ညက ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ကင်ညာတပ်ဖွဲ့များသည် ဆိုမာလီနိုင်ငံအတွင်းသို့ အောက်တိုဘာလက ဝင်ရောက်လာခဲ့ပြီး အယ်လ်ရှာဘတ်စစ်သွေးကြွအုပ်စုက ထိန်းချုပ်ထားသော နယ်မြေဒေသများကို ပြန်လည်သိမ်းယူနိုင်ရန် စစ်ဆင်ရေးဆင်နွှဲလျက်ရှိသည်။

ဆိုမာလီနိုင်ငံတောင်ပိုင်းနှင့် အလယ်ပိုင်းတို့၌ ခြေကုပ်ပြုထားသော ယင်းစစ်သွေးကြွအုပ်စုသည် နယ်စပ်ဖြတ်ကျော်ကာ ပြန်ပေးဆွဲမှုများကို ဆက်တိုက်ပြုလုပ်ခဲ့သည်ဟု ကင်ညာအစိုးရက ပြစ်တင်ဝေဖန်ခဲ့သည်။

အယ်လ်ရှာဘတ်အုပ်စုသည် အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်နွှယ်မှုရှိသည်ဟု ကင်ညာအစိုးရကယူဆသည်။ **ဆင်ဟွာ။**

အယ်လ်ရှာဘတ် စစ်သွေးကြွများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရန် ငါးဖမ်းသင်္ဘောသားများအား အမေရိကန်ရေတပ် ကယ်တင်ခြင်းကို အီရန်အစိုးရ ကြိုဆို

တီဟီရန် ဇန်နဝါရီ ၇

ဆော်ဒီအာရေဗျ ပင်လယ်အတွင်း ပင်လယ်ဓားပြများ၏ ပြန်ပေးဆွဲထားခြင်းခံနေရသည့် ငါးဖမ်းသင်္ဘောပေါ်မှ အီရန်လူမျိုး တံငါသည် ၁၃ ဦးကို အမေရိကန်ရေတပ်က ကယ်တင်ခဲ့ခြင်းသည် လူသားဆန်၍ အပြုသဘောဆောင်သည့် အပြုအမူဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက စနေနေ့တွင် ချီးကျူးပြောဆိုလိုက်သည်။

ယင်းကဲ့သို့သော အမေရိကန်ရေတပ်ဖွဲ့၏ ဆောင်ရွက်မှုမျိုးကို ကြိုဆိုပါကြောင်း၊ ယင်းသို့ ဆောင်ရွက်သော နိုင်ငံအားလုံးကိုလည်း ကျေးဇူးတင်ပါကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ရာမင်မက်မန်ပါရပ်က အယ်လ်အလန် အသံလွှင့်ဌာနကို ပြောကြားခဲ့သည်။

မသင်္ကာဖွယ်ရာတွေ့

အီရန်နိုင်ငံအလံ လွှင့်ထူထားသည့် သင်္ဘောတစ်စင်း၏ ဘေးတွင် မသင်္ကာဖွယ်ရာ လှေငယ်တစ်စင်းကို အမေရိကန်ရေတပ် ရဟတ်ယာဉ်တစ်စင်းက တွေ့ရှိခဲ့ပြီး ရေယာဉ်မှူးထံမှ အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း အချက်ပေးခြင်းကို လက်ခံရရှိသည့်နောက် ရေတပ်ဖွဲ့က အီရန်သင်္ဘောသားများကို ပင်လယ်ဓားပြတို့၏လက်တွင်းမှ ကယ်တင်ခဲ့ခြင်းဖြစ်သည်။

ရေတပ်ဖျက်သင်္ဘော "ယူအက်စ်အက်စ်ကစ်"မှ ပင်လယ်ဓားပြနှိမ်နင်းရေးတပ်ဖွဲ့သည် ယင်းငါးဖမ်းသင်္ဘောပေါ်သို့ တက်ရောက်၍ ပင်လယ်ဓားပြ ၁၅ ယောက်ကို ဖမ်းဆီးခဲ့သည်။ ၎င်းတို့သည် လွန်ခဲ့သည့် တစ်လကျော်ကတည်းက ငါးဖမ်းသင်္ဘောကို ပြန်ပေးဆွဲ၍ သင်္ဘောသားများကို ဓားစာခံအဖြစ် ဖမ်းဆီးခဲ့ကြသည်။

တရားစွဲမည်

ဖမ်းဆီးရမိထားသည့် ပင်လယ်ဓားပြများကို လေယာဉ်တင်သင်္ဘော "ယူအက်စ်အက်စ်ဂျွန်စီစတင်းနစ်"ပေါ်တွင် ထိန်းသိမ်းထားပြီး ၎င်းတို့ကို တရားစွဲဆိုရန် အာဏာပိုင်များက ပြင်ဆင်လျက်ရှိသည်။

ယင်း "စတင်းနစ်"သင်္ဘောကို အီရန်ကြည်းတပ် အကြီးအကဲက ဟော်မုဇ် ရေလက်ကြားအတွင်းသို့ ပြန်ဝင်မလာရန် သတိပေးပြီးနောက် ရက်အနည်းအကြာ အဆိုပါ ငါးဖမ်းသင်္ဘောများကို ကယ်တင်သည့်ဖြစ်ရပ် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ **အင်တာနက်။**

အီရန်ငါးဖမ်းသင်္ဘောသားများကို အမေရိကန်ရေတပ်ဖွဲ့ဝင်များက ကြိုဆိုနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

အာကာသဟင်းလင်းပြင်၌ ကိုလိုနီနယ်မြေများချဲ့ထွင်သင့်ကြောင်း သိပ္ပံပညာရှင် စတီဖင်ဟော့ကင်းပြောကြား

ကိန်းဘရစ် ဇန်နဝါရီ ၇

လူသားများသည် နျူကလီးယားလက်နက်များ၏ အလုံးစုံပျက်သုဉ်းစေမှုအန္တရာယ်နှင့် ရင်ဆိုင်နေရခြင်းကြောင့် အင်္ဂါဂြိုဟ်အပါအဝင် အခြားဂြိုဟ်ကမ္ဘာများ၌ ကိုလိုနီချဲ့တွင် အခြေချသင့်ကြောင်း ဗြိတိသျှသိပ္ပံပညာရှင် စတီဖင်ဟော့ကင်းက ဇန်နဝါရီ ၆ ရက်တွင် ပြောကြားခဲ့သည်။

၎င်း၏ အသက် (၇၀)ပြည့် မွေးနေ့အထိမ်းအမှတ် ရေဒီယိုအမေးအဖြေ ဆွေးနွေးခန်းတစ်ခု၌ သိပ္ပံပညာရှင် စတီဖင်ဟော့ကင်းက ယင်းကဲ့သို့ မှတ်ချက်ပြုပြောကြားခဲ့ခြင်းဖြစ်ကြောင်း ဒေးလီးတယ်လီဂရပ်သတင်းစာက ဖော်ပြထားသည်။

လူသားမျိုးနွယ်ပျက်သုဉ်းရသည့် အဖြစ်အပျက်ကို ရှောင်လွှဲ၍ ရနိုင်ဖွယ်မရှိကြောင်း နှစ်ပေါင်း ၁၀၀၀ ကာလအတွင်း ကမ္ဘာပေါ်၌ နျူကလီးယားစစ်ပွဲနှင့် ကမ္ဘာကြီးပူနွေးလာမှုကဲ့သို့သော ကပ်ဘေးများ ကျရောက်လုအနေအထားဖြစ်နေကြောင်း ကိန်းဘရစ်တက္ကသိုလ်မှ စကြဝဠာဗေဒနှင့် သီအိုရီရူပဗေဒပညာရှင် စတီဖင်ဟော့ကင်းက ပြောကြားခဲ့သည်။

သို့ဖြစ်ရာ အာကာသဟင်းလင်းပြင်အတွင်း ကိုလိုနီနယ်ချဲ့၍ အခြေချရန် လူသားတို့အနေဖြင့် လိုအပ်ကြောင်း ဟော့ကင်းက သုံးသပ်ပြောကြားခဲ့သည်။

လာမည့်နှစ်ပေါင်း ၁၀၀ အတွင်း ဖြစ်နိုင်ဖွယ်မရှိသော်လည်း အင်္ဂါဂြိုဟ်နှင့် နေစကြဝဠာအတွင်းမှ ဂြိုဟ်များပေါ်၌ ကိုလိုနီနယ်မြေများချဲ့ထွင်သွားရန် လိုအပ်ကြောင်း စတီဖင်ဟော့ကင်းက ယူဆထားသည်။

သို့ရာတွင် လူသားတို့၏ အာကာသဟင်းလင်းပြင် ကိုလိုနီနယ်ချဲ့ရေးခရီးစဉ်၌ အခြားဂြိုဟ်ကမ္ဘာများမှ သက်ရှိများနှင့် ဆက်နွယ်လာရမည်ဆိုပါက ပြဿနာကြီးတစ်ရပ်ဖြစ်လာနိုင်ကြောင်း စတီဖင်ဟော့ကင်းက သုံးသပ်ခဲ့သည်။

အကယ်၍ အခြားကမ္ဘာမှသက်ရှိများ မြေကမ္ဘာသို့လာရောက်ကြမည်ဆိုပါက ဖြစ်လာနိုင်မည့် အကျိုးဆက်သည် အမေရိကတိုက်သို့ ဥရောပသားများခြေချလာသည့် ဖြစ်စဉ်နည်းတူဖြစ်၍ ဒေသခံအမေရိကတိုက်သားများအတွက် ဆိုးကျိုးများဖြစ်ပေါ်လာရသောပုံစံပင်ဖြစ်ကြောင်း စတီဖင်ဟော့ကင်းက ပြောကြားခဲ့သည်။ ***အင်တာနက်။***

ဟော်မုဇ်ရေလက်ကြားအတွင်း အီရန်ရေတပ်က ၂၀၁၁ ခုနှစ် အတွင်း ပြုလုပ်ခဲ့သော ရေကြောင်းပိတ်ဆို့ရေး စစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို တွေ့ရစဉ်။

ဟော်မုဇ်ရေလက်ကြား၌ မဟာတမန်အမည်ရှိစစ်ရေးလေ့ကျင့်မှု အသစ်တစ်ရပ်ထပ်မံလုပ်ဆောင်ရန် အီရန်ပြင်ဆင်နေဟုဆို

တီဟီရန် ဇန်ဝါရီ ၇

ဟော်မုဇ်ရေလက်ကြားကို ပိတ်ဆို့မည်ဖြစ်ကြောင်း ခြိမ်းခြောက်ခဲ့ပြီးနောက် အီရန်နိုင်ငံသည် ယင်းရေလက်ကြားဒေသအနီး စစ်ရေးလေ့ကျင့်မှုအသစ်တစ်ရပ် ထပ်မံပြုလုပ်ရန် စီစဉ်နေကြောင်း အီရန်ရေတပ်တာဝန်ရှိသူတစ်ဦး၏အဆိုအား ကိုးကား၍ ဇန်နဝါရီ ၅ ရက် သတင်းများ၌ ဖော်ပြသည်။

ဟော်မုဇ်ရေလက်ကြားသည် ကမ္ဘာ့ရေနံထုတ်လုပ်မှုပမာဏ၏ ခြောက်ပုံတစ်ပုံကို ဖြတ်သန်းပို့ဆောင်ရာ အရေးကြီးသည့် ရေလမ်းကြောင်းဖြစ်သည်။

နျူကလီးယားပြဿနာနှင့် ပတ်သက်၍ အနောက်အုပ်စုက အီရန်ရေနံပို့ကုန်အပေါ် ပိတ်ဆို့အရေးယူမှုများ ပြဋ္ဌာန်းလုပ်ဆောင်ပါက ဟော်မုဇ်ရေလက်ကြားကို ပိတ်ဆို့မည်ဖြစ်ကြောင်း ပြီးခဲ့သည့်လကအီရန် နိုင်ငံက ခြိမ်းခြောက်ခဲ့ရာ ကမ္ဘာ့ရေနံဈေးကွက် မတည်မငြိမ်ဖြစ်ခဲ့ရသည်။

မကြာမီကာလအတွင်း အီရန်နိုင်ငံက ပြုလုပ်မည့် စစ်ရေးလေ့ကျင့်မှုသည် မဟာတမန် (Great Prophet)ဟူ၍ အမည်ပေးထားသော နှစ်စဉ်စစ်ရေးလေ့ကျင့်မှုတစ်ရပ်၏ သတ္တမမြောက်အဆင့်ဖြစ်ကြောင်း အီရန်ရေတပ်အကြီးအကဲ ဗိုလ်ချုပ်ကြီး အလီဖာဒါဗီ၏ အဆိုကို ကိုးကား၍ ဖားစ်သတင်းအေဂျင်စီက သတင်းထုတ်ပြန်ခဲ့သည်။

မဟာတမန်စစ်ရေးလေ့ကျင့်မှု၏ သတ္တမအဆင့်သည် ယခင်ပြုလုပ်ခဲ့သည့် စစ်ရေးလေ့ကျင့်မှုများနှင့် ကွဲပြားမှုရှိမည်ဖြစ်ကြောင်း ဗိုလ်ချုပ်ကြီး အလီ ဖာဒါဗီက ပြောကြားခဲ့သော်လည်း အသေးစိတ်ကို ထုတ်ဖော်ခဲ့ခြင်းမရှိပေ။

ယင်းစစ်ရေးလေ့ကျင့်မှုကို အီရန်နိုင်ငံ၏ သြဇာကြီးမားသော လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည့် တော်လှန်ရေးအစောင့်တပ်ဖွဲ့က လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဟော်မုဇ်ရေလက်ကြား ရေပြင်ဒေသများ၌ ပြုလုပ်ခဲ့သော ၁၀ ရက်ကြာ စစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို အီရန်ရေတပ်က ဇန်နဝါရီ ၃ ရက်တွင် အပြီးသတ်လုပ်ဆောင်ခဲ့ပြီး ဖြစ်သည်။ ***အင်တာနက်။***

ဆင်ခြေထောက်ရောဂါ တိုက်ဖျက်ရေးလှုပ်ရှားမှု နီပေါနိုင်ငံတွင်စတင်

ခတ္တမန္ဒူ ဇန်နဝါရီ ၇

နီပေါနိုင်ငံအစိုးရက ဆင်ခြေထောက်ရောဂါတိုက်ဖျက်ရေးလှုပ်ရှားမှုတစ်ရပ်ကို ဇန်နဝါရီ ၆ ရက်တွင် စတင်လိုက်ပြီး တစ်နှစ်တာဆောင်ရွက်မည့် အဆိုပါ လုပ်ငန်းစဉ်ကို နီပေါနိုင်ငံတစ်ဝန်းရှိ ခရိုင်ပေါင်း ၇၅ ခရိုင်အနက် ၄၆ ခရိုင်တွင် လုပ်ဆောင်သွားမည်ဟု သတင်းများတွင် ဖော်ပြသည်။

အများပြည်သူဆိုင်ရာ ဆေးဝါးစီမံအုပ်ချုပ်ရေးဌာန၏ အစီအမံဖြင့် ဆောင်ရွက်မည့် ယင်းလှုပ်ရှားမှုတွင် စုစည်းပါဝင်မည့် ကျန်းမာရေးလုပ်သားနှင့် စေတနာ့ဝန်ထမ်းဦးရေမှာ ၂၀၀၀၀ ကျော်ခန့်ရှိပြီး အသက်(၂)နှစ်အရွယ်အထက် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

နီပေါနိုင်ငံ၌ ဆင်ခြေထောက်ရောဂါသည် ဝေဒနာခံစားရသူများအတွက် ထာဝရမသန်မစွမ်းဖြစ်စေနိုင်သော အဓိကရောဂါတစ်မျိုးဖြစ်သည်။

အဓိကအကြောင်း

အဆိုပါ ရောဂါဖြစ်ပွားရသော အဓိကအကြောင်းတရားမှာ ခြင်ကိုက်ခံရ၍ဖြစ်သည်။ နီပေါနိုင်ငံ၏ နွေဥတုကာလတွင် ခြင်ပေါ်များသော်လည်း ဆင်ခြေထောက်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းကို ယခုနှစ် နှစ်ဦးပိုင်းတွင်စတင်ခဲ့ခြင်းဖြစ်သည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နီပေါနိုင်ငံတွင် ခရိုင်ပေါင်း ၆၀ အတွင်း အဆိုပါရောဂါဖြစ်ပွားမှုနှုန်းမြင့်တက်လျက်ရှိရာ မြို့တော် ခတ္တမန္ဒူမှာလည်း ဆင်ခြေထောက်ရောဂါဖြစ်ပွားမှုနှုန်း မြင့်မားသည့်နေရာများထဲ၌ ပါဝင်သည်။

ယခုစတင်ကျင်းပသည့် ဆင်ခြေထောက်ရောဂါတိုက်ဖျက်ရေးလှုပ်ရှားမှု၏ အကျိုးရလဒ်ကို နီပေါပြည်သူ ၆၀၀၀၀၀ ကျော်ခန့် ခံစားရမည်ဟု သတင်းတွင်ဖော်ပြထားသည်။ ***အင်တာနက်။***



အာရှပစိဖိတ်ဒေသအတွင်း အင်အားအသုံးပြု၍ မထောင်လွှားရန် အမေရိကန်အား တရုတ်သတိပေး

ပေကျင်း ဇန်နဝါရီ ၇

အမေရိကန်-တရုတ်ဆက်ဆံရေးကို ထိခိုက်စေမည့်အရေးကြောင့် အာရှပစိဖိတ်ဒေသအတွင်း အင်အားအသုံးပြု၍ မထောင်လွှားရန် အမေရိကန်ပြည်ထောင်စုအား တရုတ်နိုင်ငံက သတိပေးခဲ့ကြောင်း ဇန်နဝါရီ ၇ ရက်သတင်းများ၌ ဖော်ပြထားသည်။

ကာကွယ်ရေးအသုံးစရိတ် ဖြတ်တောက်ခဲ့ရသော်လည်း အာရှပစိဖိတ်ဒေသ၌ စစ်ရေးအရတည်ရှိမှုကို ဆက်လက်ခိုင်မြဲရန် လုပ်ဆောင်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ပြောကြားခဲ့ပြီးနောက် တရုတ်နိုင်ငံ၏သတိပေးချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

အာရှပစိဖိတ်ဒေသ၌ စစ်ရေးအရ တည်ရှိမှုကို မြှင့်တင်ရာတွင် အမေရိကန်ပြည်ထောင်စုအနေဖြင့် ဒေသတွင်း ပဋိပက္ခများ၌ ပါဝင်ဖြေရှင်းပေးရာမရောက်သောကြောင့် အင်အားအသုံးပြု၍ ထောင်လွှားမှုအား ရှောင်ကြဉ်သင့်ကြောင်း ဆင်ဟွာသတင်းဌာန၏ အယ်ဒီတာ့အာဘော်၌ ဖော်ပြထားသည်။

အာရှပစိဖိတ်ဒေသ၌ အမေရိကန်ပြည်ထောင်စုသည် အပြုသဘောရည်ရွယ်ချက်ရှိပါက စစ်အေးတိုက်ပွဲကာလအတွင်း ကျင့်သုံးခဲ့သော "နိုင်လျှင်နိုင် မနိုင်လျှင်ရှုံး" စိတ်ဓာတ်ရေးရာမှ လွတ်ကင်းပါက ဒေသတွင်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်ရုံသာမက တရုတ်နိုင်ငံအတွက်လည်း အကျိုးစီးပွားများ ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စု၏ ကာကွယ်ရေးမဟာဗျူဟာသည် တရုတ်နိုင်ငံကို ရည်ရွယ်ရေးဆွဲထားသော မဟာဗျူဟာများဖြစ်ကြောင်း တရုတ်ကွန်မြူနစ်ပါတီ၏ အာဘော်ဖြစ်သည့် ဂလိုဘယ်လ်တိုင်းမ်သတင်းစာက သုံးသပ်ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံ၏ လျင်မြန်သောဖွံ့ဖြိုးတိုးတက်မှုသည် အမေရိကန်ပြည်ထောင်စုအတွက် ခြိမ်းခြောက်မှုတစ်ရပ်ကဲ့သို့ ခံစားနေရပြီး အမေရိကန်ပြည်ထောင်စု၏ ကာကွယ်ရေးဆိုင်ရာ မဟာဗျူဟာသည် အမေရိကန်-တရုတ်ဆက်ဆံရေးကို ထိခိုက်စေနိုင်ကြောင်း လေ့လာသူတစ်ဦးက ပြောကြားခဲ့သည်။ ***အင်တာနက်။***

ပါရှန်ပင်လယ်ကွေ့ဒေသသို့ ဗြိတိန်က စစ်သင်္ဘောစေလွှတ်မည်

လန်ဒန် ဇန်နဝါရီ ၇

မဟာဗျူဟာအရ အချက်အချာကျသော ဒေသဖြစ်သည့် ဟော်မုဇ်ရေလက်ကြားသို့ ခေတ်အမီဆုံးစစ်သင်္ဘောတစ်စင်းကို ဗြိတိန်ရေတပ်က စေလွှတ်ခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ခြိမ်းခြောက်ထား

နေ့စဉ် ရေနံစိမ်းစည်သန်းပေါင်း ၁၇ သန်းသယ်ယူပို့ဆောင်နေသည့် ဟော်မုဇ်ရေလက်ကြားကို ပိတ်ဆို့ရန် အီရန်နိုင်ငံက လွန်ခဲ့သည့်နှစ်က ခြိမ်းခြောက်ထားသည်။

အိတ်ချ်အမ်အက်စ် ဒါရင်းအမည်ရှိ ၇၅ အတန်းအစားစစ်သင်္ဘောကို ဟော်မုဇ်ရေလက်ကြားသို့ စေလွှတ်ခြင်းဖြင့် ယင်းသင်္ဘော၏ စစ်ဆင်နိုင်အားနှင့် နည်းပညာများကြောင့် အီရန်တို့အား သတိပေးရာရောက်မည်ဟု ဗြိတိန်ရေတပ် တပ်မှူးများက ယုံကြည်ထားသည်။

ဟော်မုဇ်ရေလက်ကြားကို ပိတ်ဆို့ခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိဘဲ အောင်မြင်လိမ့်မည်မဟုတ်ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီး ဖိလစ်ဟမ်းမွန့်က အီရန်နိုင်ငံကိုအတိအလင်းသတိပေးခဲ့ပြီးဖြစ်သည်။

အိတ်ချ်အမ်အက်စ်ဒါရင်း ဖျက်သင်္ဘော၌ အီရန်လက်နက်ကိုင်တပ်ဖွဲ့များ ပစ်လွှတ်မည့် မည်သည့်ဒုံးကျည်မျိုးကိုမဆို ကြားဖြတ်ဖျက်ဆီးနိုင်စွမ်းရှိသော နည်းပညာသစ်တပ်ဆင်ထားသည်။

ပေါင်စတာလင် ၁ ဘီလီယံတန်ဖိုးရှိသော အဆိုပါစစ်သင်္ဘောသည် ပို့စ်မောက်ဆိပ်ကမ်းမှ လာမည့် ဇန်နဝါရီလ ၁၂ ရက်(ဗုဒ္ဓဟူးနေ့)တွင် ထွက်ခွာမည်ဖြစ်သည်။

ယင်းသင်္ဘော၌ နည်းပညာအရ အရှုပ်ထွေးဆုံး ရေတပ်သုံးရေဒါစနစ်တပ်ဆင်ထားပြီး ဒုံးကျည်များမှသည် တိုက်လေယာဉ်အထိ အစရှိသော ခြိမ်းခြောက်မှုမှန်သမျှကို ခြေရာခံနိုင်စွမ်းရှိသည်။ ***အင်တာနက်။***

၂၀၁၂ ခုနှစ်တွင် တရုတ်နိုင်ငံ ပေကျင်းမြို့၌ နှင်းများ ပထမဆုံးကျဆင်းခဲ့မှုကို တွေ့ရစဉ်။

ပေကျင်းမြို့တွင် ဆီးနှင်းကျဆင်း၍ လေကြောင်းခရီးစဉ်အချို့ရွှေ့ဆိုင်းခဲ့ရ

ပေကျင်း ဇန်နဝါရီ ၇

ဇန်နဝါရီ ၆ ရက် ညနေပိုင်းမှ ၇ ရက်နေ့ နံနက်ပိုင်းအထိ ၂၀၁၂ ခုနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ဆီးနှင်းများကျဆင်းမှု ကြုံတွေ့ခဲ့ရသောကြောင့် တရုတ်နိုင်ငံ ပေကျင်းမြို့တွင် လမ်းချော်မှုများဖြစ်ပွားခဲ့ရပြီး လေကြောင်းပျံသန်းမှုခရီးစဉ်အချို့အား ရွှေ့ဆိုင်းခဲ့ရသည်ဟု သတင်းများတွင် ဖော်ပြထားသည်။

ဇန်နဝါရီ ၇ ရက် နံနက်အစောပိုင်းတွင် ကျဲပါးစွာကျရောက်လာသော ဆီးနှင်းများကြောင့် မြို့တော်ပေကျင်းတွင် ယာဉ်လမ်းကြောင်းဆိုင်ရာ မတော်တဆမှုအများအပြား ဖြစ်ပွားခဲ့သော်လည်း အဓိကကျသော အဝေးပြေးလမ်းမကြီးများမှာ ပုံမှန်အခြေအနေသာရှိပြီး ဆီးနှင်းကျဆင်းမှုမှာလည်း ထူထပ်မှုမရှိဟု ဒေသဆိုင်ရာမော်တော်ယာဉ်လမ်းကြောင်း ထိန်းသိမ်းရေးတာဝန်ရှိသူများက ပြောကြားခဲ့သည်။ သို့ရာတွင် ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီခန့်တွင် ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ လေကြောင်းခရီးစဉ် ၁၀ ခုကို ရွှေ့ဆိုင်းခဲ့ရသည်ဟု ဆိုသည်။

ဆီးနှင်းများစတင်ကျဆင်းမည့် ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီမှ ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီကြားကာလတွင် ပေကျင်းမြို့တော်၏ အမြင့်ဆုံးအပူချိန်မှာ အနုတ် ၂ ဒီဂရီဆဲလ်စီးယပ်ဖြစ်ကြောင်း မြို့တော်မြူနီစီပယ် မိုးလေဝသဌာနခွဲမှ ထုတ်ပြန်ချက်အရသိရသည်။

အင်တာနက်။

သတိပြုစရာ ကြက်ငှက်တုပ်ကွေးရောဂါ

မောင်အောင်
(မွေးကု)

"အေး-မောင်အောင်ပါလား၊ ငါ့တူကြီးတောင် မတွေ့တာကြာနေပြီ၊ တယ်ပြီး ပျောက်ချက်သားကောင်းနေပါလား"

အမေ့ရွာသို့ မရောက်တာကြာပြီဖြစ်သော ကျွန်တော့်ကို ဦးကြီးက မေးလိုက်ခြင်း ဖြစ်ပါသည်။

"ဟုတ်တယ်ဦးကြီး၊ ဌာနအလုပ်တွေရော၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်အသင်းအလုပ်တွေရော လုပ်နေရလို့ ဦးကြီးတို့ဘက် မလှည့်ဖြစ်တာပါ"

"အေး- ဒါနဲ့ဟိုတစ်နေ့က ငါရေဒီယိုသတင်းမှာကြားလိုက်သလိုပဲ။ ကြက်ငှက်တုပ်ကွေးရောဂါမဖြစ်ပွားအောင် မင်းတို့ဌာနက နယ်စပ်စစ်ဆေးရေးဂိတ်တွေမှာ စနစ်တကျစစ်ဆေးနေတာ၊ နိုင်ငံခြားက တင်သွင်းတဲ့မျိုးကြက်ဥနဲ့ ကြက်သားပေါက်တွေစစ်ဆေးနေတာ ကြားတယ်။ ကြက်ငှက်တုပ်ကွေးရောဂါကို ဒို့နိုင်ငံမှာ ဘယ်နှကြိမ်ဖြစ်ပြီးသွားပြီလဲ။ အခုကော ပြန်ပြီးဖြစ်နိုင်ခြေရှိလို့ မင်းတို့က စစ်ဆေးမှုတွေ လုပ်နေတာလား"

ဦးကြီးက ကျွန်တော်တို့ဌာန၏ ဆောင်ရွက်ချက်များကို စိတ်ဝင်စားပုံရသည်။

"ကြက်ငှက်တုပ်ကွေးရောဂါဟာ ကျွန်တော်တို့နိုင်ငံမှာ ၂၀၀၆ ခုနှစ်ကစပြီး ဖြစ်ခဲ့တာပါ။

အဲဒီတုန်းက မန္တလေးတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးမှာရှိတဲ့ မြို့နယ် ၁၃ မြို့နယ်မှာ ဖြစ်ပွားခဲ့ပြီး ရောဂါထိန်းချုပ်ဖို့ ကြက်နဲ့ ငုံးသေဆုံးတာရော ဖျက်ဆီးတာ အပါအဝင် ၆ ဒသမ ၆ သိန်းလောက် ဆုံးရှုံးခဲ့ရတယ်။ ဒုတိယအကြိမ်ကတော့ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလမှာ ဖြစ်ခဲ့တာ။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနဲ့ မွန်ပြည်နယ်က မြို့နယ် ၁၂ မြို့နယ်မှာ ဖြစ်ပွားခဲ့တာ။ အဲဒီဒုတိယအကြိမ်မှာလည်း ကြက်၊ ဘဲ၊ ငုံး ၁ ဒသမ ၁ သိန်းလောက် ရောဂါကာကွယ်ထိန်းချုပ်ဖို့ ဖျက်ဆီးခဲ့ရတယ်"

"တစ်ခါတစ်ခါဖြစ်လိုက်ရင် ဖျက်ဆီးရတာလည်း မနည်းပါလား"

"ဟုတ်တယ် ဦးကြီး၊ ဒါပေမယ့် ပထမအကြိမ်မှာထက် ဒုတိယအကြိမ်မှာ သတင်းစောစောရတဲ့အတွက် ဖျက်ဆီးရတဲ့ကောင်ရေ လျော့သွားပါတယ်။

တတိယအကြိမ်ကလည်း အဲဒီ ၂၀၀၇ ခုနှစ် နိုဝင်ဘာလမှာဖြစ်ခဲ့တယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်နဲ့ ကျိုင်းတုံမှာဖြစ်ခဲ့တယ်။ ပထမနှစ်ကြိမ်တုန်းကတော့ မွေးမြူရေးကြက်တွေမှာ ဖြစ်ခဲ့ပေမယ့်ဒီတစ်ကြိမ်ကတော့ တိုင်းရင်းကြက်ဘဲတွေမှာဖြစ်တာ။ ဒီတစ်ကြိမ်မှာလည်း ရောဂါကြောင့် သေဆုံးတာရော၊ ရောဂါထိန်းချုပ်ဖို့ရော တိုင်းရင်းကြက်ဘဲ ၃၀၀၀၀ လောက် ဖျက်ဆီးခဲ့ရတယ်။

အဲဒီလို နှစ်နှစ်လောက်လည်း ဆက်တိုက်ဖြစ်လိုက်ရော ကျွန်တော်တို့လူတွေ ဇီဝလုံခြုံမှုအတော်လေး ဂရုစိုက်လာကြတာကြောင့် ၂၀၀၈ ခုနှစ်နဲ့ ၂၀၀၉ ခုနှစ်မှာ ကြက်ငှက်တုပ်ကွေးရောဂါ လုံးဝမဖြစ်ဘူး။ စတုတ္ထအကြိမ် ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလမှာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်း၊ မင်္ဂလာဒုံနဲ့ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မှာ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့ပြီး ကြက် ၁၆၀၀၀ လောက် ဆုံးရှုံးပျက်စီးခဲ့ရတယ်။ နောက်ဆုံးဖြစ်ခဲ့တာက ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှာဖြစ်ခဲ့တာ။ ရခိုင်ပြည်နယ် စစ်တွေနဲ့ စစ်ကိုင်းတိုင်းဒေသကြီးက တန့်ဆည်၊ ရေဦးနဲ့ ဒီပဲယင်း မြို့နယ် တွေမှာဖြစ်ခဲ့တာ။ မွေးမြူရေးခြံ ၁၉၅ ခြံက ကြက်၊ ဘဲ၊ ငုံးတစ်သိန်းကျော်လောက် ဆုံးရှုံးခဲ့ရပါတယ်။"

"မင်းပြောပုံဖြင့် ၂၀၀၆ ခုနှစ်ကနေ ၂၀၁၁ ခုနှစ်အထိ ခြောက်နှစ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ငါးကြိမ် ဖြစ်ပွားခဲ့တာပေါ့"

"ဟုတ်ပါတယ် ဦးကြီး၊ အဲဒီ ငါးကြိမ်မှာ ပြည်နယ်နဲ့ တိုင်းဒေသကြီး ခုနစ်ခုက မြို့နယ် ၃၄ မြို့နယ်က မွေးမြူရေးခြံ ၈၄၇ ခြံမှာ ဖြစ်ပွားခဲ့ပြီး ကြက်ကောင်ရေ ကိုးသိန်းကျော် ဆုံးရှုံးခဲ့ရပါတယ်။

"အေး- နည်းတဲ့ဆုံးရှုံးပျက်စီးမှုမဟုတ်ဘူး။ ကြက်တစ်ကောင်ကို ငွေကျပ် ၁၀၀၀ နဲ့ တွက်ရင်တောင် သိန်း ၉၀၀၀ ကျော်ဆုံးရှုံးခဲ့ရတာပဲ။"

"ဟုတ်ပါတယ် ဦးကြီး၊ ဒါတောင် တိရစ္ဆာန်တန်ဖိုးပဲတွက်ထားတာ။ တိရစ္ဆာန်အပြင် မွေးမြူရေးခြံတွေ၊ ကြက်စာတွေ၊ ကြက်ဥတွေ ဖျက်ဆီးရတာပါ ထည့်တွက်ရင် ငွေကျပ် သိန်း၂၀၀၀၀ လောက်တော့ရှိတယ်။"

"အေး- ဒါ့ထက်အရေးကြီးတာက လူ့အသက်ကွ။ ဒို့နိုင်ငံမှာ လူကို ကူးစက်တာ ဖြစ်သေးတယ်မဟုတ်လား"

"ဟုတ်ပါတယ် ဦးကြီး၊ ၂၀၀၇ ခုနှစ် ကျိုင်းတုံမှာဖြစ်တုန်းက ခုနစ်နှစ်သမီးလေး တစ်ယောက် ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်တဲ့လက္ခဏာတွေ့သေးတယ်။ အဲ-ဒါပေမယ့် ကျန်းမာရေးဌာနက စနစ်တကျ ပြုစုစောင့်ရှောက်တာကြောင့် အသက်ဆုံးရှုံးတာမဖြစ်ပါဘူး"

"အေး-ကောင်းပါတယ်ကွာ။ အဲ-ဒါနဲ့ တစ်ကမ္ဘာလုံးမှာ ကြက်ငှက်တုပ်ကွေးရောဂါကြောင့် လူဘယ်နှယောက်လောက် အသက်ဆုံးရှုံးရသလဲ။ ဘယ်နိုင်ငံက အများဆုံးလဲ"

ဦးကြီးနှင့် ကျွန်တော်၏ စကားဝိုင်းသို့ အခြားလူများပါ စိတ်ဝင်တစား လာရောက်နားထောင်နေကြသဖြင့် ရှင်းပြရကျိုးနပ်ပါသည်။

"တစ်ကမ္ဘာလုံးမှာ ကြက်ငှက်တုပ်ကွေးရောဂါ ၆၃ နိုင်ငံ ကူးစက်ဖြစ်ပွားခဲ့ပါတယ်။ လူကိုကူးစက်ဖြစ်ပွားတာ ၁၅ နိုင်ငံရှိပြီး သေဆုံးမှုအများဆုံးကတော့ အင်ဒိုနီးရှားနိုင်ငံ ဖြစ်ပါတယ်။ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)ရဲ့ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်နေ့ ထုတ်ပြန်အတည်ပြုချက်အရ ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားပြီး အများဆုံးသေဆုံးတဲ့ နိုင်ငံတွေက အင်ဒိုနီးရှား ၁၅၀၊ ဗီယက်နမ် ၅၉ ဦးနဲ့ အီဂျစ်နိုင်ငံက ၅၃ ဦး ဖြစ်ပါတယ်။ လူကိုကူးစက်တာ စုစုပေါင်း ၅၇၃ ဦးရှိရာမှ ၃၃၆ ဦးသေဆုံးခဲ့ပြီးဖြစ်ပါတယ်"

"အေးကွာ ဒီရောဂါက တကယ့်ကို ကြောက်စရာပဲ။ အေး - ဒါနဲ့ ဒို့နိုင်ငံက ရောဂါဖြစ်ပေမယ့် လူသေဆုံးတာ မရှိဘူးဆိုတော့ ဒို့နိုင်ငံလို တခြားနိုင်ငံရော ရောဂါဖြစ်ပေမယ့် မသေတဲ့နိုင်ငံရှိသလား"

"ရှိပါတယ် ဦးကြီးရဲ့၊ ကျွန်တော်တို့နိုင်ငံအပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ ဂျီဘောတီနိုင်ငံတွေမှာ လူကို ရောဂါကူးစက်ပေမယ့် သေဆုံးတာမရှိခဲ့ပါဘူး"

"အဲ-ဒါနဲ့ နေစမ်းပါဦးကွ၊ မင်းခုနပြောတဲ့ ကြက်ငှက်တုပ်ကွေးရောဂါကြောင့် လူသေဆုံးမှုအများဆုံးဖြစ်တဲ့ အင်ဒိုနီးရှားတို့ ဗီယက်နမ်တို့ အီဂျစ်တို့က ဒို့နိုင်ငံလောက် တိရစ္ဆာန်ဆေးကုပညာပိုင်းမှာ မတိုးတက်လို့လား။ သူတို့က ကြက်ငှက်တုပ်ကွေးရောဂါကို ဘာကြောင့်မထိန်းချုပ်နိုင်ရတာလဲ။ ဘာကြောင့် လူအသေအပျောက် များရတာလဲ"

"အဲဒါတော့ သူတို့နိုင်ငံတွေမှာလည်း တိရစ္ဆာန်ဆေးကုပညာရပ်နဲ့ ပတ်သက်ရင် တိုးတက်မှုရှိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့နိုင်ငံမှာက တိရစ္ဆာန်ကျန်းမာရေးနဲ့ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးမှာ ပြည်သူတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ပညာပေးမှုအပေါ်မှာ အလေးထားလိုက်နာဆောင်ရွက်မှုရှိတယ်။ အဲဒါကြောင့် ကြက်ငှက်တုပ်ကွေးရောဂါအပါအဝင် တိရစ္ဆာန်ကူးစက်ရောဂါတွေကို ထိန်းချုပ်နိုင်တာ။

နောက်တစ်ခုက ရောဂါထိန်းချုပ်ရေးမှာ ပတ်သက်တဲ့ ဌာနဆိုင်ရာတွေနဲ့ ဒေသအာဏာပိုင်တွေရဲ့ ကြပ်မတ်ဆောင်ရွက်မှု အဲဒါကလည်း အထူးအရေးကြီးပါတယ်၊ ပြီးခဲ့တဲ့ ၂၀၁၀ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် သရက်ကန်ကျေးရွာမှာ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်တုန်းက ကျွန်တော်ကိုယ်တိုင် အဲဒီရွာကို သွားလိုက်တာ။ စစ်ကိုင်းတိုင်းဒေသကြီး တယကနဲ့ မုံရွာခရိုင်ခယက၊ ယင်းမာပင်နဲ့ ပုလဲမြို့နယ် မယကတွေအားလုံး ရောဂါထိန်းချုပ်ရေး ဝိုင်းပြီးအကူအညီပေးကြတယ်။ အဲဒါကြောင့် အဲဒီတစ်ရွာပဲ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ခဲ့ပြီး ကျန်တဲ့နေရာတွေ မပြန့်ပွားခဲ့တာ။ အဲဒါကြောင့် ကျွန်တော်နိုင်ငံခြားမှာ အစည်းအဝေးတက်တဲ့အခါ တခြားနိုင်ငံ ကိုယ်စားလှယ်တွေက မေးတယ်။ မင်းတို့နိုင်ငံ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်တယ်ဆိုတာကြားတယ်။ တစ်လလောက်နဲ့ ရောဂါထိန်းချုပ်နိုင်တယ်။ ဘယ်လိုလုပ်တာလဲတဲ့။"

"မင်းဘယ်လို ဖြေခဲ့လဲ"

ဦးကြီးက သိချင်ဇောဖြင့် မဆိုင်းမတွ မေးလာသည်။

"ကျွန်တော်တို့ နိုင်ငံမှာ ကြက်ငှက်တုပ်ကွေးရောဂါအပါအဝင် တိရစ္ဆာန်ကူးစက်ရောဂါ တစ်ခုဖြစ်ခဲ့လျှင် မွေးမြူရေးလုပ်ငန်းရှင်တွေရော သက်ဆိုင်တဲ့ဌာနဆိုင်ရာတွေကပါ ကျွန်တော်တို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကို ဝိုင်းပြီးကူကြတယ်။ အထူးသဖြင့် ဒေသအာဏာပိုင်တွေရဲ့ ပူးပေါင်းကြပ်မတ်ဆောင်ရွက်ပေးမှုနဲ့ ပြည်သူလူထုရဲ့ လိုက်နာဆောင်ရွက်မှုကြောင့် ကူးစက်ရောဂါတစ်ခုဖြစ်လာလျှင် အချိန်တိုတိုနဲ့ ထိန်းချုပ်နိုင်တာလို့ ကျွန်တော်ဖြေခဲ့တယ်။ အားလုံးလည်း လက်ခံကြပါတယ်။"

"အေး-ဟုတ်ပါတယ်ကွာ၊ ဒို့မြန်မာလူမျိုးဆိုတာက နဂိုကတည်းက တစ်ဦးနဲ့တစ်ဦး ရိုင်းပင်းကူညီတဲ့ အလေ့အထရှိပြီးသား။ လက်စားလိုက်တာတို့၊ စေတနာနဲ့ လုပ်အားပေးတာတို့က ဒို့မြန်မာနိုင်ငံမှာပဲရှိတာပဲလေ။ ကဲ ထားပါတော့ ဒီနှစ်ကော ကြက်ငှက်တုပ်ကွေးရောဂါမဖြစ်အောင် မင်းတို့ဘာတွေလုပ်ထားသလဲ၊ ဘာတွေလုပ်နေသလဲ၊ ငါတို့ ဘာလုပ်သင့်သလဲ၊ အဲဒါလေးလည်း ရှင်းပြစမ်းပါဦး"

ဦးကြီး မေးသည့် မေးခွန်းများက မေးသင့်မေးထိုက်သည့် မေးခွန်းများပင်။

"ဟုတ်ပါတယ် ဦးကြီး၊ သာမန်အားဖြင့် ကြက်ငှက်တုပ်ကွေးရောဂါက ဆောင်းခိုငှက်တွေ လာလေ့ရှိတဲ့ အခုလိုဆောင်းရာသီနဲ့ နွေဦးပေါက်မှာ ဖြစ်ပွားလေ့ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံကလည်း အရှေ့အာရှနဲ့ အလယ်အာရှဆောင်းခိုငှက်ပျံသန်းရာလမ်းကြောင်းမှာ ကျရောက်နေတဲ့အတွက် ဆောင်းခိုငှက်တွေ ရောက်လာတတ်တဲ့ အင်းတော်ကြီးကန်၊ အင်းလေးကန်၊ မဟာနန္ဒာကန်၊ မိုးယွန်းကြီးအင်းနဲ့ ဧရာဝတီမြစ်ကမ်းတစ်လျှောက်တွေမှာ ဆောင်းခိုငှက်တွေ ရောက်လာမှုကို စူးစမ်းလေ့လာပါတယ်"

"မင်းတို့ ပထမအကြိမ် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်တုန်းက ရွှေဘိုမဟာနန္ဒာကန်ကို ရောက်လာတဲ့ ကြိုးကြာငှက်ကစပြီး ဖြစ်တာမဟုတ်ဘူးလား။ ဒီနှစ်ကော ဆောင်းခိုငှက်တွေ လာတာဘယ်လို အနေအထားရှိသလဲ"

ဦးကြီးကား ခေသူမဟုတ်ပါ။ ဖြစ်ပွားခဲ့သည်များကို အမှတ်ထင်ထင်ရှိလှသည်။

"ဒီနှစ်တော့ ဆောင်းခိုငှက်လာရောက်မှုက ပုံမှန်ထက်လျော့နည်းတယ်လို့ သိရပါတယ်။ ငှက်ချစ်သူများအသင်း၊ ငှက်စောင့်ကြည့်ရေးအဖွဲ့နဲ့ သစ်တောဦးစီးဌာနက ဆောင်းခိုငှက်လာရောက်မှုကို စောင့်ကြည့်ပြီး ကျွန်တော်တို့ဌာနကို အသိပေးလျက်ရှိပါတယ်။ အကြောင်းကြောင်းကြောင့် မြို့တွေ၊ ရွာတွေထဲ ငှက်ရိုင်းကြီးတွေ၊ ဆောင်းခိုငှက်တွေ ကျရောက်လာခဲ့ရင်လည်း ပြည်သူကဖမ်းပြီး ကျွန်တော်တို့ဌာနကို အကြောင်းကြားဖို့၊ ပို့ပေးဖို့ ပြောထားပါတယ်။

နောက်ပြီးတော့ မွေးမြူရေးခြံတွေ ဇီဝလုံခြုံမှုမြှင့်တင်ဖို့လိုတယ်။ ကျွေးမွေးတဲ့ အစာအာဟာရ ပြည့်ဝဖို့လိုသလို သန့်ရှင်းတဲ့သောက်သုံးရေ တိုက်ကျွေးဖို့လိုပါတယ်။ ဖြစ်ပွားပြီးတဲ့ ရောဂါဖြစ်ပွားမှုတွေကို ပြန်ပြီးသုံးသပ်ရင် ငှက်ရိုင်းကနေ ရောဂါကူးစက်တာ၊ စာကလေး၊ ကျီးကန်းတွေကနေတစ်ဆင့် ရောဂါကူးစက်တာ၊ အစာအိတ်အဟောင်း၊ ကြက်ဥပန်းတွေကနေတစ်ဆင့် ရောဂါကူးစက်တာ၊ တစ်ခြံကနေ တစ်ခြံ ကူးသန်းသွားလာမှုကြောင့် ကူးစက်တာ၊ ရောဂါဖြစ်ပွားပြီး ကြက်သေတာကို မသိကျိုးကျွန်ပြုပြီး ထုတ်ရောင်းတာ အဲဒါတွေကြောင့် ရောဂါကူးစက်ဖြစ်ပွားခဲ့တာပါ။

နောက်ပြီးတော့ နယ်စပ်တွေကနေ ကြက်နဲ့ကြက်ဥ၊ ကြက်သားတွေ တရားမဝင် တင်သွင်းတာမျိုး မရှိဖို့လိုပါတယ်။ အိမ်နီးချင်းနိုင်ငံတွေမှာ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ခဲ့ရင် အဲဒီတရားမဝင်တင်သွင်းမှုတွေကတစ်ဆင့် ရောဂါကူးစက်နိုင်ပါတယ်။ ဒီအချက်ကို မွေးမြူရေးသမားတွေဘက်က လိုက်နာမယ်ဆိုရင် ရောဂါဖြစ်ပွားတာ၊ ကူးစက်တာမဖြစ်နိုင်ပါဘူး။ ကျွန်တော်တို့ဌာနကလည်း တိရစ္ဆာန်ကျန်းမာရေး နယ်စပ်စစ်ဆေးရေးဂိတ်တွေမှာ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ကြပ်ကြပ်မတ်မတ် ဆောင်ရွက်နေပါတယ်။

ကျွန်တော်တို့ဌာနအပိုင်းကတော့ ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေတာ၊ လေ့လာတာ၊ ပြည်သူကို အသိပညာပေးဟောပြောတာ၊ ကြက်ခြံတွေပိုးသတ်ဆေးဖျန်းတာ၊ ဌာနဘက်ပိုင်းက ကြိုတင်ပြင်ဆင်သင့်တာတွေ လုပ်နေပါတယ်။ မွေးမြူရေးလုပ်ငန်းရှင်တွေဘက်ကသာ ဇီဝလုံခြုံမှုကို မပေါ့ဘဲ အလေးထားဆောင်ရွက်ကြမယ်ဆိုရင် **ကြက်ငှက်တုပ်ကွေးရောဂါ ကြောက်စရာမဟုတ်ပါ** လို့ ပြောချင်ပါတယ် ဦးကြီးရယ်"

ဦးကြီးက ပြည်သူအားလုံး ကြက်ငှက်တုပ်ကွေးရောဂါကင်းရှင်းပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်းပါးရေး၍ အသိပညာပေးရန် ကရုဏာဒေါသောဖြင့် ကျွန်တော့်အား ပြောတော့ရာ အမေ့ရွာမှ အပြန်တွင် ဤ **သတိပြုစရာ ကြက်ငှက်တုပ်ကွေးရောဂါ**ဆောင်းပါးကို ရေးသားလိုက်ရပါတော့သည်။ ။

ကရင်နှစ်သစ်ကူးပွဲတော်

ဒီဇင်ဘာ ၂၅ ရက်က (၅၃)ကြိမ်မြောက် ကရင်နှစ်သစ်ကူးပွဲတော် အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက်ရှိ နွယ်နီလမ်း၌ ကျင်းပစဉ်။

(သတင်းစဉ်)

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ဦးဆောင်ဖွင့်လှစ်ထားသော ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းသို့ ဦးမျိုးမြင့်-ဒေါ်မြင့်မြင့်သိန်း (စိန်မျှားဆေးပေါ့လိပ်) ပဲခူးမြို့က အလှူငွေကျပ်သိန်း ၅၀၀ ကို အသင်းဘဏ္ဍာရေးမှူး Capt ဦးဌေးမြင့်ထံ လှူဒါန်းစဉ်။

(ကြေးမုံ)

နိုင်ငံတကာတွင် ပုစွန်ကျားဈေးကွက် ပြန်ကောင်းလာသော်လည်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခက်အခဲကြောင့် လုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရန် ခက်ခဲ

ရန်ကုန် ဇန်နဝါရီ ၇

ယခုအခါ နိုင်ငံတကာဈေးကွက်တွင် ဈေးကွက်အခြေအနေ ပြန်ကောင်းလာသော်လည်း ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များမှာ ရင်းနှီးမြှုပ်နှံမှုအခက်အခဲကြောင့် လုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရန် အခက်အခဲများ ဖြစ်ပေါ်ခဲ့ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

မြန်မာနိုင်ငံ၏ ပုစွန်မွေးမြူရေးတွင် ရေချိုရေငန်ကဏ္ဍနှစ်ခုကို ဆောင်ရွက်လျက်ရှိပြီး ရေငန်ပုစွန်မွေးမြူရေးအပိုင်း၌ ပုစွန်ကျားနှင့် ပုစွန်ဖြူမျိုးစိတ်နှစ်မျိုးကို မွေးမြူဆောင်ရွက်လျက်ရှိကြောင်း၊ ပုစွန်ကျား မွေးမြူရေးအပိုင်းတွင် သိပ္ပံနည်းကျမွေးမြူရေးနှင့် သဘာဝနည်းဖြင့်မွေးမြူရေးလုပ်ငန်းများရှိပြီး သိပ္ပံနည်းကျမွေးမြူရေးလုပ်ငန်းများအနေဖြင့် မွေးမြူထုတ်လုပ်သည့် စရိတ်မြင့်မားခြင်း၊ ပြည်ပဈေးကွက်တွင် အခြားသော နိုင်ငံများနှင့် ဈေးကွက်ယှဉ်ပြိုင်ရောင်းချရာ၌ လွန်ခဲ့သော ငါးနှစ်က နိုင်ငံတကာပုစွန်ဈေးနှုန်းများ ကျဆင်းခြင်း၊ ပုစွန်ပို့ကုန်အပေါ်တွင် ကောက်ခံခဲ့သော အခွန်အခများ၊ မွေးမြူစဉ်ကာလတွင် ရောဂါကျရောက်မှုများကြောင့် အခက်အခဲများကြုံခဲ့ကာ ဈေးကွက်တွင် အခြားသော နိုင်ငံများနှင့် မယှဉ်ပြိုင်နိုင်တော့ဘဲ ရေငန်ပုစွန်ကျား မွေးမြူရေးလုပ်ငန်းများ အရှုံးပေါ် ရပ်နားထားခဲ့ဖူးခြင်းကို ကြုံတွေ့လာခဲ့ရသည်။

ထို့နောက်မှ ယခုနောက်ပိုင်းတွင် နိုင်ငံတကာဈေးကွက်၌ ပုစွန်ကျားဈေးကွက် ပြန်လည်ကောင်းမွန်လာပြီး လုပ်ငန်းရှင်များ အကျိုးအမြတ်ရလာရန် အခွင့်အလမ်းများ ဖြစ်ပေါ်ခဲ့သော်လည်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခက်အခဲကြောင့် ယင်းကဲ့သို့ လုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရန်ခက်ခဲမှုများ ဖြစ်ပေါ်နေခြင်းလည်းဖြစ်ကြောင်း ၎င်းက ပြောကြားသွားသည်။ ထက်ခိုင်(စမ်းချောင်း)

အချိန်အခါမဟုတ် မိုးကြောင့် ကြက်သွန်ခင်းများ ရောဂါဝင်ရောက်၊ စိုက်ပျိုးရေးဆေးများ အရောင်းသွက်

တောင်တွင်းကြီး ဇန်နဝါရီ ၇

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့သစ်၊ နတ်မောက်မြို့နယ်များမှ ကျေးရွာများ၌ ကြက်သွန်ဖြူ ကြက်သွန်နီများကို တောင်သူများ စီးပွားဖြစ် စိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

သို့သော်လည်း ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ အချိန်အခါမဟုတ် မိုးများရွာသွန်းခဲ့ခြင်းကြောင့် ကြက်သွန်ဖြူ ကြက်သွန်နီခင်းများ၌ ရောဂါပိုးများ ကျရောက်လျက်ရှိသဖြင့် ဇန်နဝါရီ ပထမပတ်မှစ၍ ကြက်သွန်ခင်းများ ဆေးပက်ဖျန်းရန် တောင်သူများ ဝယ်ယူသုံးစွဲမှု ယခင်ကထက် ပိုမိုများပြားလျက်ရှိကြောင်း စိုက်ပျိုးရေးဆေးဆိုင်ပိုင်ရှင် ဦးသိန်းထွန်း၏ ပြောကြားချက်အရ သိရသည်။

ကြက်သွန်ဖြူ ကြက်သွန်နီခင်းများတွင် ရောဂါပိုးများ ဝင်ရောက်ခဲ့သော်လည်း အချိန်မီလိုအပ်သည့် စိုက်ပျိုးရေးဆေးများ သုံးစွဲခဲ့သဖြင့် အထွက်နှုန်းမထိခိုက်နိုင်ကြောင်းနှင့် ယခုနှစ်သည် ယခင်နှစ်ကထက် နှင်းကျပြီး အအေးဓာတ်ပိုသဖြင့် ကြက်သွန်ဖြူ ကြက်သွန်နီများ ပိုမိုထွက်ရှိနိုင်ကြောင်း နှစ်စဉ် စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် ညောင်ကုန်းကျေးရွာမှ ဒေသခံတောင်သူကြီးတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ (၅၈၀)

ကူးတို့ဆိပ်ရပ်ကွက်၌ အိမ်ရာများပြန်လည်ပြုပြင်ဆောက်လုပ်မှု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက်သို့ရောက်ရှိရာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မီးဘေးသင့်ပြည်သူများ ပြောင်းရွှေ့နေထိုင်မှု၊ နေအိမ်များ ပြန်လည်ဆောက်လုပ်နေမှုနှင့် လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အိမ်ရာပြုပြင်ဆောက်လုပ်ရေး လုပ်ငန်းများ အမြန်ပြီးစီးရေး၊ လျှပ်စစ်မီးအမြန်ရရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရေး၊ သောက်သုံးရေ ရရှိရေးတို့ကို မှာကြားသည်။

ဆက်လက်၍ အိမ်ရာများပြန်လည်ပြုပြင်ဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေး၍ အိမ်ထောင်စုဝင်များ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးကာ အားပေးစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မဟာဝိဇယရာမကျောင်းတိုက်၌ ကျန်ရှိနေသည့် မီးဘေးသင့်အိမ်ထောင်စုဝင်များအား သွားရောက်ကြည့်ရှုအားပေးသည်။ မီးဘေးသင့်အိမ်ထောင်စု ၂၂၅ စု အနက် ၁၁၆ စုမှာ ၎င်းတို့၏နေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့နေထိုင်လျက်ရှိပြီး ကယ်ဆယ်ရေးစခန်းတွင် ကျန်ရှိသည့် အိမ်ထောင်စု ကိုးစုကို ၎င်းတို့၏နေအိမ်များသို့ ပြောင်းရွှေ့နေထိုင်ရန် စီစဉ်ပေးလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ Dagon Centre Shopping Mall(2) ဖွင့်ပွဲအခမ်းအနား၌ Dagon Centre ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် နံနက် ၇ နာရီခွဲတွင် စမ်းချောင်းမြို့နယ်ရှိ Dagon Centre Shopping Mall(2) ဖွင့်ပွဲအခမ်းအနားနှင့် နံနက် ၁၀ နာရီတွင် မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ SANDRAR Services Co., Ltd. ၏ကားအရောင်းပြခန်းဖွင့်ပွဲအခမ်းအနားတို့သို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မင်္ဂလာ ခန်းမဆောင်ဖွင့်

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရွှေဝါထွန်းဟိုတယ်တွင် ခေတ်မီဇိမ်သုကာ လက်ရာများဖြင့် ကျယ်ဝန်းခမ်းနားသော မင်္ဂလာခန်းမဆောင်ကြီးဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း ရွှေဝါထွန်းဟိုတယ်၏ ကမ္ဘောဇသာဒီ မင်္ဂလာခန်းမကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

(ကြေးမုံ)

မြေအုတ်တို့နေရာတွင် ဘိလပ်မြေအုတ်အစားဝင်

သတင်းမှတ်စု-ဖေထွဏ်းဇော်

နိုင်ငံ၏ ဖွံ့ဖြိုးလာမှု၊ လူနေမှုပုံစံမြင့်မားလာမှုတို့ကြောင့် နေ့စဉ်လိုအပ်သမျှသော အုတ်ထုတ်လုပ်မှုအတွက် ထင်းလိုအပ်ချက်ကို တစ်နိုင်ငံလုံးနှင့် ယှဉ်ကြည့်လျှင် သစ်တောပြုန်းတီးမှုပမာဏ၊ သဘာဝမြေပျက်စီးမှုပမာဏ များပြားလာသည်။

အစားဝင်ရောက်

ယခုအခါ သဘာဝသစ်တောနှင့် မြေသယံဇာတများ ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို ကာကွယ်သောအားဖြင့် မြေအုတ်တို့နေရာတွင် ဘိလပ်မြေအုတ်တို့အစားဝင်ရောက်လာသည်မှာ ဝမ်းသာရသလို လှိုက်လှဲစွာ ကြိုဆိုကြရမည်ဖြစ်သည်။

ရေစကြိုမြို့ အမှတ်(၄) ဖောင်တော်ဦးရပ်ကွက်တွင် ဘိလပ်မြေအုတ်များထုတ်လုပ်နေမှုကိုလေ့လာကြည့်ရာ "ဘိလပ်မြေနှင့်သဲကို အချိုးကျရောစပ်ပြီး ထုတ်လုပ်ထားတဲ့ ဘိလပ်မြေအုတ်တွေဖြစ်ပါတယ်။ယခုလက်ရှိ (၉"×၄ ၁/၄"×၃")နဲ့ (၈ ၁/၂"×၄ ၁/၄"×၃") အရွယ်အစား နှစ်မျိုးထုတ်လုပ်ပြီး (၉"×၄ ၁/၄"× ၃") အုတ်တစ်ချပ်ကို ၇၀ ကျပ် (၈ ၁/၂" × ၄ ၁/၄" ×၃")အုတ်တစ်ချပ်ကို ၅၅ ကျပ်နှုန်းနဲ့ ဖြန့်ဖြူးရောင်းချနေပါတယ်။ ဘိလပ်မြေတစ်အိတ်ကို(၉" ×၄ ၁/၄"×၃") ဆိုဒ် အုတ်ချပ်ရေ ၁၅၀ လောက် ထွက်ပါတယ်။ ဝယ်ယူသူစိတ်တိုင်းကျ အရွယ်အစားအမျိုးမျိုး ထုတ်လုပ်သွားမှာပါ"ဟု ထုတ်လုပ်သူက ရှင်းလင်းပြောပြသည်။

ထို့ကြောင့် သဘာဝသစ်တောများနှင့် မြေသယံဇာတများ ထိခိုက်ပျက်စီးဆုံးရှုံးမှုများလည်း မရှိ၊ ဈေးနှုန်းလည်း တူသော ဘိလပ်မြေအုတ်များကို နေရာဒေသတိုင်းတွင် ပြုလုပ်သုံးစွဲကြခြင်းဖြင့် ကျွန်ုပ်တို့၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

ရေခြေရာစာအုပ် ထွက်ရှိ

အငြိမ်းစားပါမောက္ခချုပ် ဦးဝင်းကြည် (သစ်တောတက္ကသိုလ်)၏ ရေခြေရာ စာအုပ်ထွက်ရှိလာသည်။ အဆိုပါစာအုပ်တွင် ရေ၏ အရေးပါပုံ၊ ရေ၏ သဘောသဘာဝ၊ ရေကိုသုံးစွဲပုံ၊ ရာသီဥတုဖောက်ပြန်မှုကြောင့် ရေအရင်းအမြစ်လျော့နည်းလာခြင်း၊ အနာဂတ်အတွက်ရေ၊ ရေ၏နှုန်းစံများ စသည်တို့ပါဝင်ပြီး ရေကိုတန်ဖိုးထားတတ်သူများ၊ အလေးထားတတ်သူများ တိုးတက်လာအောင် ရည်ရွယ်ချက်ဖြင့် ရေးသားထားသည်။ စာအုပ်ကို ကျော်ညွန့်ရည်စာပေ အမှတ်(၁၅၁/၁၅၃) (၄-လွှာ) မြန်မာ့ဂုဏ်ရည်လမ်း ရန်ကုန်မြို့က ထုတ်ဝေလိုက်သည်။

နိုင်ငံများ၏ဥစ္စာဓနဘာသာပြန်စာအုပ် ထွက်ရှိ

စာရေးဆရာရဲတင့်၏ နိုင်ငံများ၏ ဥစ္စာဓန စာအုပ်ကို တူဒေးစာအုပ်တိုက်က ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

၎င်းစာအုပ်သည် Karen McCreadie ၏ Adam Smith's The Wealth of Nations စာအုပ်ကို ဘာသာပြန်ဆိုထားခြင်းဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးခြင်း၊ ရပ်တန့်ခြင်း၊ ဆုတ်ယုတ်ခြင်းများနှင့် ပတ်သက်၍ ရှုထောင့်မျိုးစုံမှ သုံးသပ်ဖော်ပြထားသည်။ စာဖတ်သူတို့အတွက် စီးပွားရေးအသိအမြင်များစွာ ပေးနိုင်မည်ဖြစ်ပြီး ဈေးကွက်စီးပွားရေးကို နိုင်ငံရေးအမြင်၊ ဘဏ္ဍာရေးအမြင်၊ စီးပွားရေးအမြင်တို့ဖြင့် လေ့လာသုံးသပ်ရာတွင် များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။

ထိုစာအုပ်ကို တူဒေးစာအုပ်တိုက် အမှတ်(H) လှိုင်မြင်းမိုရ်ကန်လမ်း ကန်ရိပ်မွန်အိမ်ရာ လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၀၇၃၈၅ သို့ ဆက်သွယ်မှာယူနိုင်ကြောင်းနှင့် စာအုပ်ရောင်းဈေး ငွေကျပ် ၂၅၀၀ ဖြင့် တစ်နိုင်ငံလုံးသို့ ဖြန့်ချိထားကြောင်း သိရသည်။

စိမ်းမြတမာနှင့်မဂ္ဂဇင်းဝတ္ထုရှည်များစာအုပ် ထွက်ရှိ



စာရေးသူ နန္ဒာစိုး(ဆင်ဖြူကျွန်း)၏ စိမ်းမြတမာနှင့် မဂ္ဂဇင်းဝတ္ထုရှည်များ စာအုပ်ကို ပထမအကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

မဟေသီ၊ ပန်းဝေသီ၊ ရွှေအမြုတေ၊ ပေဖူးလွှာ၊ ရနံ့သစ် မဂ္ဂဇင်းများတွင် ဖော်ပြခဲ့ဖူးသော မဂ္ဂဇင်းဝတ္ထုရှည်များကို စုစည်းထားခြင်းဖြစ်သည်။ စိမ်းမြတမာ၊ ဆိပ်ကမ်းသာတမ်းချင်း၊ ဩဂုတ်စတာ ရွှေနားပေ၏ ဝှက်ဖဲများ၊ ညို့ကြိုးကွန်ရက်၊ ရေနစ်ခဲ့သော ကောက်ရိုးတစ်မျှင်၊ ဆရာနှင့်သူ၏တပည့်များကိစ္စ၊ အန်ဖတ်ဆို့နေတဲ့ပင်လယ် ဝတ္ထုရှည်များ ပါဝင်သည်။

စာအုပ်ကို အလင်းသစ်စာပေတိုက်(၆) အခန်း(၄၀၄) ညောင်တန်းအိမ်ရာ ပုဇွန်တောင်မြို့နယ် ဖုန်း-၀၉-၅၄၀၀၃၀၂၊ ၀၉-၈၇၀၃၈၄၈ မှ တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိထားသည်။

နေပွင့်ပန်း၏အပြာရောင်စာမျက်နှာသစ်စာအုပ် ဖြန့်ချိ

စာရေးသူ စမ်းစမ်းနွဲ့(သာယာဝတီ)၏ နေပွင့်ပန်း၏ အပြာရောင်စာမျက်နှာသစ်စာအုပ်ကို တတိယအကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

စမ်းစမ်းနွဲ့(သာယာဝတီ)က လောကသစ္စာတရားကို ပရိယာယ်မပါဘဲ ရိုးရိုးလေး ဖွင့်ဟထားသည်။ ရိုးလွန်းတော့ အလွန်တရာလှပသွားပြီး အသည်းထက်မှာ အက္ခရာတင်လိုက်ရသကဲ့သို့ တစ်သက်စွဲငြိသွားကြောင်း၊ လူငယ်တို့၏ စစ်မှန်သောဘဝအားမာန်ကို ဆရာအထောက်တော်လှအောင်က အမှာတွင် ခံစားတန်ဖိုးဖြတ်ထားသည်။ လူငယ်တို့၏ စစ်မှန်သော ဘဝအားမာန်ကို ထင်ဟပ်စေပြီး လောကသစ္စာတရားကို ပရိယာယ်မပါ ရိုးရိုးလေးဖွင့်ဟထားသော ဝတ္ထုဖြစ်သည်။ စာအုပ်ကို အလင်းသစ်စာပေ တိုက်(၆) အခန်း(၄၀၄) ညောင်တန်းအိမ်ရာ ပုဇွန်တောင်မြို့နယ် ဖုန်း-၀၉-၅၄၀၀၃၀၂၊ ၀၉-၈၇၀၃၈၄၈ မှ တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၁၂၀၀ ဖြင့် ဖြန့်ချိထားသည်။

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနား မန္တလေးမြို့၌ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၇

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားကွင်း၌ ကျင်းပရာ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အလံကို လွှင့်တင်ပြီး အလေးပြုကြသည်။

နိုင်ငံတော်သမ္မတထံမှ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် ဖတ်ကြားစဉ်။ (သတင်းစဉ်)

ထို့နောက် နံနက် ၇ နာရီတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့် ဦးဆောင်၍ နိုင်ငံတော်အလံ အလေးပြုခြင်း၊ ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့အား အလေးပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည့် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဆုများချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့ ရွှေတောင်စုရပ်ကွက် လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ဇန်နဝါရီ ၄ ရက်က ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သည့် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသန်း ဖတ်ကြားစဉ်။ (၆၄၈)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က တွံတေးမြို့ လွတ်လပ်ရေးကျောက်တိုင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန် ဖတ်ကြားစဉ်။ (၇၉၄)

ဇန်နဝါရီ ၄ ရက်က (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ရန်ကုန်မြို့ အင်းစိန်မြို့နယ် အထက(၁) ဘောလုံးကွင်းမြက်ခင်းပြင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုး ဖတ်ကြားစဉ်။ (၆၈၄)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မီနီမာရသွန်ပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက်က ဆိပ်ကြီးခနောင်တိုမြို့၌ကျင်းပရာ ဆုရရှိသူတစ်ဦးအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောညီညီထွေး ဆုချီးမြှင့်စဉ်။ (မြို့နယ်ပြန်/ဆက်)

လွတ်လပ်ရေးနေ့အခမ်းအနား ချောင်းဦး၌ကျင်းပ

ချောင်းဦး ဇန်နဝါရီ ၇

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်က ဖတ်ကြားသည်။

ထို့နောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကျင်းပရာ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။ (မြို့နယ် ပြန်/ဆက်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ခရမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးတင်မြင့် ဖတ်ကြားစဉ်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၈-၁-၂၀၁၂ (တနင်္ဂနွေနေ့) [၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်နေ့ (ဥပုသ်နေ့)]

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသောဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အဂ္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၀ ၇။ အကပြိုင်ပွဲ
- ၈း၂၀ ၈။ "လေတာဘိုင်များ တည်ဆောက်ခြင်း"
- ၈း၃၅ ၉။ တေးဂီတအစီအစဉ်
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်းတရားတော်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရဲစုံထောက်ဘတ်ကျောင်ဂွန်း" (အပိုင်း-၃၉)**
- ၁၂း၃၀ ၅။ မြန်မာရုပ်ရှင် "ချစ်ချစ် ချစ်တဲ့ကိုကို (လွှင်မိုး၊ သုမောင်၊ ထက်ထက်မိုးဦး) (ဒါရိုက်တာ-ကြီးမြင့်)
- ၂း၃၅ ၆။ အတီးပြိုင်ပွဲ
- ၂း၅၀ ၇။ International News
- ၃း၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၀၅ ၂။ တေးဂီအစီအစဉ်
- ၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄း၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (သမိုင်းအထူးပြု) (သမိုင်း)
- ၄း၄၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၀ ၆။ "ဝါသီးက ရွှေသီးဖြစ်ပြီ"
- ၅း၂၀ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆း၀၀ ၈။ ညနေခင်းသတင်း
- ၆း၁၅ ၉။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၀။ **ကာတွန်းအစီအစဉ် "ရေငုပ်သမားလေးအိုလီ" (အပိုင်း-၂၆)**
- ၆း၄၀ ၁၁။ တစ်မျက်နှာ၊ တစ်ကွက်စာ "ဤအရာကို အချစ်ဟုခေါ်သတဲ့လား" (အပိုင်း-၁) (ရဲမာန်၊ ကောင်းဆက်ထူး၊ ပုလဲဝင်း) [ဒါရိုက်တာ-မေတင်(MMG)]
- ၇း၀၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ချိုချိုကြင်နာပို" (အပိုင်း-၄)**
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ ဆိုင်ကလုန်းမုန်တိုင်း "သိမ်း" ဖြစ်စဉ်သုံးသပ်ချက်နှင့် ၂၀၁၂ ခုနှစ် ဇန်နဝါရီလ မိုးလေဝသအခြေအနေ
- ၁၇။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၈၁)**
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်ပွင့်လေးရဲ့ဒဏ္ဍာရီ" (အပိုင်း-၄)**
- ၁၉။ အစီအစဉ်ပြီး၏

ပညာဂုဏ်ရောင် အလင်းဆောင်

စွမ်းရည်သစ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၇

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ကြည်တန်းကျေးရွာအုပ်စု ကြည်တန်းကျေးရွာ စွမ်းရည်သစ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်၊ စာစောင်နှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက်က အဆိုပါစာကြည့်တိုက်ရှေ့၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး၊ ကြည်တန်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစောမြင့်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းမှ စာအုပ်၊ စာစောင် ၂၀၀၊ ကျေးရွာစေတနာရှင် ပြည်သူများက စာအုပ်၊ စာစောင် ၁၅၀၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က စာကြည့်တိုက်ရန်ပုံငွေ ငွေကျပ် ၁၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

(ကြေးမုံ)

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းကျေးရွာ အလိမ္မာဥယျာဉ်စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲကို ဒီဇင်ဘာ ၃၁ ရက်က အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျာလင်း၊ မြို့နယ်ဦးစီးမှူး ဒေါ်နန်းဆွေနွယ်ဦးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ကြိုင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

စိတ်တူကိုယ်တူ အလုပ်လုပ်လိုသူများအတွက် သမဝါယမနည်းလမ်းများဖြင့် ပံ့ပိုးကူညီပေးလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၇

စိတ်တူကိုယ်တူ အလုပ်လုပ်လိုသူများအားလုံး ဝင်ငွေတိုးပွားရေးအတွက် သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပေါင်းစပ်၍ သမဝါယမနည်းလမ်းများဖြင့် ပံ့ပိုးကူညီပေးလျက်ရှိကြောင်း၊ ၄ ပေ × ၆ ပေ ကန်များဖြင့် မိသားစုတစ်နိုင် ငါးမွေးမြူရေး ဆောင်ရွက်နိုင်ကြောင်း၊ ရွှေဝါငါးကြင်း၊ တီလားပီးယားငါးသားပေါက်များ လိုသလောက်ဖြန့်ဝေပေးမည်ဖြစ်ကြောင်း၊ ဒေသကြက်မွေးမြူရေး၊ ဘဲမွေးမြူရေး၊ ဝက်မွေးမြူရေးကို မွေးဖက်ပေးစနစ်ဖြင့် ဆောင်ရွက်နိုင်ကြောင်း၊ နို့စားနွားမွေးမြူရန် အရင်းအနှီး အခက်အခဲရှိပါက ဒေသနွားများကို နို့ထွက်နှုန်းကောင်းစေရန် မေထုန်မဲ့သားစပ်နည်းလမ်းဖြင့် အိမ်တိုင်ရာရောက် အကူအညီပေးနိုင်ကြောင်း၊ မွေးမြူထားသည့်တိရစ္ဆာန်များ ရောဂါကာကွယ်ကုသပေးခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ မိသားစုဝင်ငွေတိုးပါက ပညာရေး၊ ကျန်းမာရေးနှင့် လူနေမှုအဆင့်များ တဖြည်းဖြည်း မြင့်မားလာမည်ဖြစ်သဖြင့် မိမိတို့ဌာနများနှင့် အချိန်အခါမရွေး ဆက်သွယ်၍ လုပ်ငန်းတူအစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ကြောင်းဖြင့် သမဝါယမ ဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ဇန်နဝါရီ ၅ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ပြန်ကပြေးစံပြကျေးရွာ မဟာဝိဟာရ ကျောင်းတိုက်၌ မြစိမ်းရောင်လယ်ယာကုန်ထုတ်နှင့် လက်လုပ်လက်စားငွေစုငွေချေးအသင်းစု အသင်းဝင်များ၊ ဒါရိုက်တာ အဖွဲ့ဝင်များ၊ အသင်းသားများ၊ ကျေးရွာပြည်သူများအား တွေ့ဆုံပြောကြားသည်။

သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ဇမ္ဗူသီရိမြို့နယ် ပြန်ကပြေးစံပြကျေးရွာ မဟာဝိဟာရ ကျောင်းတိုက်၌ မြစိမ်းရောင်လယ်ယာကုန်ထုတ်နှင့် လက်လုပ်လက်စားငွေစုငွေချေးအသင်းစု အသင်းဝင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ အသင်းသားများ၊ ကျေးရွာပြည်သူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှင်းလင်းဖြေကြား

ထို့နောက် တက်ရောက်လာသူများ၏ မေးမြန်းမှုများကို သမဝါယမ ဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၁-၂၀၁၂ (တနင်္ဂနွေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"မာတိကာမာတာ ဝတ္ထု ဥပမာပြ" တရားတော် (အောင်စကြာ ဆရာတော်အရှင်စန္ဒသိရီ)
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၈၀)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၃၃)**
၈း၄၅	Show Room (ဟာသဇာတ်လမ်းတွဲ)
၉း၁၅	လူရွှင်တော် 5 Star အငြိမ့် (အပိုင်း-၂)
၁၀း၀၀	ရိုးရာမပျက် ဆင်ယင်နွှဲ အရှေ့ပိုင်းရှမ်းရဲ့ ဗုဒ္ဓပူဇနီယပွဲ (အပိုင်း-၂)
၁၀း၂၅	အရသာမှာ အကောင်းစား စင်ကာပူအသားပြား
၁၀း၃၅	သဒ္ဓါကြည်ဖြူ ကုသိုလ်ယူ ဖန်ခါးမြေမှ သိမ်ကျောင်းအလှူ
၁၀း၅၅	ဘဝထဲကကဗျာ ကဗျာထဲကဘဝ (အမေ့နားကပ်ကလေး)
၁၁း၁၀	ရန်ကုန်မြင်ကွင်းကျယ် (TCL Opeaning Ceremony)
၁၁း၂၅	အနုပညာရပ်ဝန်းမှရင်ခုန်သံများ "အမေ့ကျေးဇူးဆပ်ဖူးချင်တယ်"
၁၁း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၁၈)**
၁၂း၃၅	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ဇီဝဖြည့်စွက်အစာ-ဘိုင်အိုဖီးဒ်)
၁း၀၀	"မာတိကာမာတာ ဝတ္ထု ဥပမာပြ" တရားတော် (အောင်စကြာ ဆရာတော်အရှင်စန္ဒသိရီ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၃၃)**
၃း၁၀	Regent Business Academy (Fashion Design & Marketing)
၃း၃၀	MNL MYANMAR 2012 (Rakhapura United FC Vs Nay pyi Taw FC) (LIVE)
၅း၃၀	မန္တလေး(THS) စက်မှုအထက်တန်းကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲ
၅း၄၅	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ် တေးအရသာ (ဂီတရိပ်သာ-၄၅)
၆း၀၀	MRTV-4 သတင်း
၆း၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၈၁)**
၇း၁၅	လူရွှင်တော် 5 Star အငြိမ့် (အပိုင်း-၃)
၈း၀၀	MRTV-4 သတင်း
၈း၃၀	Four FLAVOURS Show
၁၁း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၃၄)**
၁၂း၁၅	Sunday Talk (ဒေါက်တာထွန်းလွင်၊ မျိုးမြတ်သူ)
၁၂း၃၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၁၉)**
၁း၁၀	ဗီဒီယိုပြခန်း
၁း၃၀	ကလေးတေးသရုပ်ဖော်အစီအစဉ် (မေမေ၊ ဖေဖေ)
၁း၄၅	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၂း၀၅	ပြည်နယ်ဂုဏ်ဆောင် ငွေတောင်ဆည်
၂း၁၅	သွားမယ်စားမယ် (Park Royal)
၂း၃၀	Land of Flowers
၃း၁၅	ဂဏန်းသင်္ချာပျော်စရာ
၃း၅၀	ဘာအခက်ဆုံးလဲ
၄း၁၀	အလှဆင်စရာပရိဘောဂကမ္ဘာ (ပစ်တိုင်းထောင်ပရိဘောဂ)
၄း၂၀	မြန်မာ့လက်မှုအနုလက်ရာစုံစွာ. .
၄း၃၀	တန်ခိုးထွတ်ခေါင်ရွှေနတ်တောင်
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်			ပြသမည့်လိုင်း
၇း၂၅	Man City	-	Man U	(Star Sports)
၉း၅၅	Peterborough	-	Sunderland	(Star Sports)

*** ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

ရဲမှူး ဦးမျိုးညွန့်ဦး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ရှင်းလင်းပြောကြားစဉ်။

စတုတ္ထ အကြိမ်မြောက် နေပြည်တော် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ၊ ပြိုင်ပွဲသို့ ကျောင်းသား၊ ကျောင်းသူများ လာရောက်လေ့လာ ကြည့်ရှုကြစဉ်။

ယာဉ်အန္တရာယ်ကင်းဝေးရန် - တာဝန်ကိုယ်စီ

သတင်းဆောင်းပါး - မာမာစိုး(ကြေးမုံ)၊ ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)

ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ယာဉ်သုံးစွဲမှုပိုမိုများပြားလာ၍ ယာဉ်အန္တရာယ်ကင်းရှင်းမှုမှာလည်း ပို၍နည်းပါးလာသည်။ ထို့ကြောင့် ပြည်သူလူထုအတွင်း ယာဉ်အန္တရာယ်လျော့နည်းစေရန် ရည်သန်၍ နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ စတုတ္ထအကြိမ်မြောက် နေပြည်တော် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ၊ ပြိုင်ပွဲကို ဇန်နဝါရီ ၇ ရက်မှစ၍ ၁၁ရက်အထိ ငါးရက်တိုင် ပျဉ်းမနားမြို့ အောင်မင်္ဂလာ ယာဉ်ရပ်နားဝင်း၌ ကျင်းပလျက်ရှိကြောင်း သိရသည်။

အဆိုပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ၊ ပြိုင်ပွဲတွင် အများပြည်သူများလေ့လာနိုင်ရန်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးနှင့် စပ်လျဉ်းသည့် ဌာနဆိုင်ရာများမှ ပြခန်းပေါင်း ၁၃ ခန်းဖြင့် ပူးပေါင်းပါဝင်ပြသကြသည်။ ပြိုင်ပွဲတွင်လည်း စည်းကမ်းအစ စာသင်ကျောင်းကဆိုသည့် စကားအတိုင်း အနာဂတ်တွင် ခေါင်းဆောင်များဖြစ်လာမည့် ကျောင်းသားလူငယ်များအား ယာဉ်အန္တရာယ်နှင့်ပတ်သက်၍ လိုက်နာသိရှိရမည့်အချက်များအား သိရှိနားလည်လာစေရန်ရည်မှန်း၍ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းနှင့် ပတ်သက်သည့် ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲများကိုလည်း ကျင်းပပေးသွားမည်ဖြစ်သည်။ ထိုပြိုင်ပွဲသို့ တပ်ကုန်းမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်စသည့် ရှစ်မြို့နယ်ရှိ ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ လာရောက်ယှဉ်ပြိုင်ကြသည်။

ယခုအခါ တိုင်းပြည်သည် ပြောင်းလဲမှုများဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ ပြည်တွင်း၌ မော်တော်ကားများ၊ လှုပ်စစ်ဆိုင်ကယ်များ စသည့် ထုတ်လုပ်မှုများ တိုးတက်မြင့်မားလာခြင်း၊ ယာဉ်သုံးစွဲသူ ပိုမိုများပြားလာခြင်းတို့ကြောင့် ယာဉ်သုံးစွဲသည့် ပမာဏမှာ တစ်လထက်တစ်လ တစ်နှစ်ထက်တစ်နှစ် သိသိသာသာ များပြားလျက်ရှိနေသည်။ "ယာဉ်သုံးစွဲမှုများပြားလာတာနဲ့အမျှ ယာဉ်တိုက်မှုများကလည်း ပိုများလာတယ်၊ ဒါကို ကျွန်တော်တို့နဲ့အတူ ပြည်သူလူထုတစ်ရပ်လုံးကလည်း တာဝန်သိစိတ်နဲ့ ဝိုင်းဝန်းကူညီဆောင်ရွက်သွားနိုင်မှ ယာဉ်အန္တရာယ် ကျဆင်းလာနိုင်မယ်"ဟု နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲမှူးဦးမျိုးညွန့်ဦးက ပြောကြားသည်။

နေပြည်တော်ကောင်စီနယ်မြေသည် စတင်ဖွံ့ဖြိုးဆဲဖြစ်သည့်အားလျော်စွာ ပြည်သူများအကြားတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သိရှိနားလည်သူနည်းပါးခြင်း၊ ဖွံ့ဖြိုးဆဲမြို့ပြဖြစ်သည်နှင့်အညီ ယာဉ်လိုင်းပြေးဆွဲမှုနည်းပါးသောကြောင့် မော်တော်ဆိုင်ကယ်များအသုံးပြုမှုများပြားခြင်း၊ လမ်းများကောင်းမွန်ဖြောင့်ဖြူးနေ၍ ယာဉ်များအရှိန်ပြင်းစွာ မောင်းနှင်ခြင်းတို့ကြောင့် နေပြည်တော် ကောင်စီနယ်မြေတစ်ဝိုက်တွင် ယာဉ်တိုက်ခိုက်မှုမှာ ပိုမိုများပြားလျက်ရှိသည်။

နေပြည်တော်တစ်ဝန်း ၂၀၀၉ခုနှစ်မှ ၂၀၁၁ခုနှစ်အထိ ယာဉ်တိုက်မှုများကြောင့် ဒဏ်ရာရသေကျေမှုများမှာ

	ယာဉ်တိုက်မှု	ဒဏ်ရာရရှိမှု	သေဆုံးမှု
၂၀၀၉ ခုနှစ်	၂၇၉	၄၆၉	၁၁၇
၂၀၁၀ ခုနှစ်	၃၃၂	၅၆၃	၁၇၈
၂၀၁၁ ခုနှစ်	၄၀၁	၉၃၅	၂၁၂

ဖြစ်ကြောင်းသိရသည်။

ယာဉ်တိုက်မှုဖြစ်ပွားရခြင်းအများစုသည် ယာဉ်မောင်းများကြောင့် ဖြစ်ရသည်က ပို၍များပြားသည်။ ၎င်းယာဉ်မောင်းများမှာ ယာဉ်မောင်း လိုင်စင်မရှိသူများ၊ ဆင်ခြင်တုံတရားနည်းပါးသူများ၊ ယာဉ်မောင်းသင်တန်းမတက်ရောက်ဖူးသူများ၊ စည်းကမ်းမလိုက်နာသူများနှင့် လိုက်နာရမည့်စည်းကမ်းများကို မသိရှိနားမလည်သူများ၊ အရက်သေစာသောက်စားမူးယစ်၍ ယာဉ်မောင်းနှင်သူများဖြစ်ကြသည်ကို တွေ့ရသည်။ ထို့ပြင် ယာဉ်မောင်း၏ ပေါ့ဆမှု၊ ဂရုမပြုမှု၊ အရှိန်ပြင်းစွာမောင်းနှင်မှု၊ ယာဉ်ချွတ်ယွင်းမှုများ စသည့် ယာဉ်အသုံးပြုသူများ၏ အားနည်းချက်များကြောင့် ယာဉ်တိုက်မှုအများဆုံး ဖြစ်ပွားရခြင်းဖြစ်သည်။

ထိုသို့ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ဘေးကင်းလုံခြုံမှုမရှိသဖြင့် လူ့အသက်ပေါင်းများစွာဆုံးရှုံးရသည်မှာ မြန်မာနိုင်ငံ၌သာမက ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း တစ်နေ့တခြား ကြီးထွားလာသည့် ကမ္ဘာ့ပြဿနာတစ်ရပ်အဖြစ် ရပ်တည်နေသည်။

ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ မဟာဗျူဟာအနေဖြင့် အီးငါးလုံးစနစ် (5Es System)ကို ကျင့်သုံးလာကြသည်။ ယခု မြန်မာနိုင်ငံတွင်လည်း ယာဉ်တိုက်မှုနှင့် ယာဉ်တိမ်းမှောက်မှုများ မဖြစ်စေရန်အတွက် အဆိုပါ အီးငါးလုံးစနစ်ဖြစ်သည့် အသိပညာပေးခြင်း (Education)၊ လမ်းတည်ဆောက်မှုတွင် ဒီဇိုင်းကောင်းမွန်မှန်ကန်ခြင်း၊ ယာဉ်နှင့် စက်ကိရိယာပစ္စည်းများအား လမ်းနှင့် အံဝင်ခွင်ကျဖြစ်စေရန် နည်းပညာအရ စစ်ဆေးအသုံးပြုစေခြင်း၊ နည်းပညာမှန်ကန်ခြင်း၊ (Engineering)၊ ယာဉ်များအသုံးပြုမှုတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရေးအတွက် ကာကွယ်ထိန်းသိမ်းခြင်း (Enveronment)၊ ယာဉ်အန္တရာယ်ဖြစ်ပေါ်ပါက အရေးပေါ် ရှေးဦးသူနာပြုစုခြင်းဖြင့် ဆေးဝါးအကာအကွယ်ပေး အသက်ကယ်ခြင်း (Emergency Medical Care)၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်မှုမရှိစေရန် ဥပဒေအရ တားမြစ်အရေးယူကြပ်မတ်ခြင်း (Enforcement)စသည့်အချက်များဖြင့် ယာဉ်အန္တရာယ်ကို ကာကွယ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

အသိပညာပေးခြင်းအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ၊ ပြိုင်ပွဲများကျင်းပပေးခြင်း၊ ပြည်သူများအား တစ်ဦးတစ်ယောက်ချင်းမှသည် တစ်နိုင်ငံလုံးသို့ လက်ဆင့်ကမ်းပေးခြင်းဖြင့် ပြည်သူလူထု၏ အသိတွင် လိုက်နာရမည့်စည်းကမ်းများကို ဖြန့်ဝေပေးခြင်းဖြင့် ယာဉ်အန္တရာယ်ဟူသော ကပ်ဆိုးကြီးမှ လွတ်မြောက်ရန် သက်ဆိုင်ရာတာဝန်ရှိသူများက အားကြိုးမာန်တက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်သူလူထုဘက်မှလည်း အသိကိုယ်စီဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားရန်လိုအပ်ပေသည်။ ။

စတုတ္ထအကြိမ်မြောက် နေပြည်တော် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြခန်း၌ ကျောင်းသူများ ယာဉ်စည်းကမ်းဆိုင်ရာ ကွန်ပျူတာ ဉာဏ်စမ်းပဟေဠိမေးခွန်းများ ဖြေကြားစဉ်။

မူးလျှင်မမောင်းနှင့်၊ မောင်းလျှင်မမူးနှင့်

ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၇

ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ အစည်းအဝေးကို ဇန်နဝါရီ ၆ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့ရေးရာကော်မတီဆောင်၌ ကျင်းပရာ ကော်မတီဝင်များက ရုပ်ရှင်၊ ဗီဒီယို၊ စာနယ်ဇင်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်က ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ရန်ကုန်မြို့ ဟိုတယ်ရန်ကုန်၌ ကျင်းပခဲ့သည့် ကော်မတီနှင့် ရုပ်ရှင်၊ ဗီဒီယို၊ စာနယ်ဇင်း မီဒီယာများတွေ့ဆုံပွဲကို ဆွေးနွေးပြီး အစည်းအဝေးက ရှေ့လုပ်ငန်းစဉ်များ သတ်မှတ်ခြင်း၊ ပြဋ္ဌာန်းပြီးသော ဥပဒေများကို ကော်မတီဝင်များက အသေးစိတ်လေ့လာ၍ ပြင်ဆင်သင့်က ပြင်ဆင်၊ ဖြည့်စွက်သင့်က ဖြည့်စွက်၊ ပယ်ဖျက်သင့်က ပယ်ဖျက်နိုင်ရေးအတွက် လွှတ်တော်တွင် တင်ပြနိုင်ရေးစီစဉ်ခြင်း၊ အထွေထွေဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာ့ကျွမ်းဘား အားကစားတိုးတက်မြင့်မားရေး ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော မြန်မာ့ကျွမ်းဘား အားကစားတိုးတက်မြင့်မားရေးဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံကွင်းရှိ ကျွမ်းဘားအားကစားရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနော်တောင်က အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)** မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းဝင်းက မြန်မာ့ကျွမ်းဘားအားကစားသမားကောင်းများ မွေးထုတ်ခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျွမ်းဘားအားကစားဝါသနာရှင်များ၊ နည်းပြဟောင်းများနှင့် ဆုတံဆိပ်ရရှိခဲ့သည့် အားကစားသမားဟောင်းများက ကျွမ်းဘားအားကစား တိုးတက်မြင့်မားရေးအတွက် ပံ့ပိုးကူညီမှုများနှင့်အထွေထွေကဏ္ဍ ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြပြီး ကျွမ်းဘားအားကစားသမားများက သရုပ်ပြကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

SUMITOMO GOLF CLASSIC ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၇

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ Aung Heing Min Co.,Ltd. နှင့် SUMITOMO HEAVY MACHINERY တို့ အဓိကကူညီပံ့ပိုးမည့် SUMITOMO GOLF CLASSIC ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၁၁ ရက်မှ ၁၄ ရက်အထိ မန္တလေးမြို့ရှိ ရေတံခွန်တောင် ဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် Professional၊သက်ကြီးတန်း (Senior Professional) အဆင့်နှင့် အပျော်တမ်းအဆင့် ပြိုင်ပွဲ (H'Cap 0-10)အဆင့်ရှိသူများကိုသာ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး R&A Rules Limited (St. Andrew) ဂေါက်စည်းမျဉ်းနှင့် ဒေသန္တရ စည်းမျဉ်းများအတိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်ကြေးငွေကျပ် ၂၀၀၀၀ ပေးသွင်း၍ ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထားကာ ဖုန်း-၀၉-၂၀၃၇၆၇၁၊ ၀၉-၇၃၁၃၀၄၇၄၊ ၆၅၁၃၇၄တို့နှင့် ပြိုင်ပွဲကျင်းပမည့်ရေတံခွန်တောင် ဂေါက်ကလပ်တို့၌ အမည်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ ဆက်လက်လျော့နည်းနေမည်

နေပြည်တော် ဇန်နဝါရီ ၇

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ချင်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ပင်လောင်းမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့၊ ဟဲဟိုးမြို့နှင့် မိုးကုတ်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီနှင့် ပြင်ဦးလွင်မြို့တွင် ၇ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်မှာ** မြိတ်မြို့တွင် သုည ဒသမ ၁၁ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ ဆက်လက်လျော့နည်းနေမည်။

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၇

ဦးကျော်ဇေယျသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ ဇန်နဝါရီ ၄ ရက်က ဂေါက်သီးရိုက်ကစားစဉ် Titleist Pro V1 No(2) ဘောလုံးကို Taylor Made P.W တုတ်ဖြင့် ရိုက်လိုက်ရာ ကိုက် ၁၅၀ အကွာရှိ ကျင်းအမှတ် (၁၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ထိုအချိန်၌ ကစားဖော်များဖြစ်ကြသော ဦးသောင်းကြိုင်၊ ဦးဝင်းဇော်၊ ဦးလှမြင့်တို့နှင့်အတူ ကစားလျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ မှာကြားချက် ထပ်ဆင့်ရှင်းလင်း

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်မိုးသည် ဇန်နဝါရီ ၃ ရက် မွန်းလွဲ ၁ နာရီတွင် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ခန်းမ၌ အဆိုပါဌာနမှ ဝန်ထမ်းများအား တွေ့ဆုံ၍ နေပြည်တော်တွင် ကျင်းပခဲ့သည့် အားကစားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး၏ မှာကြားချက်များဖြစ်သော ၂၀၁၃ ခုနှစ်နှင့် ၂၀၁၅ ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်များဖြင့် အောင်နိုင်မှုရရှိရေး၊ သွေးသစ်မြန်မာ့လက်ရွေးစင် အားကစားသမားများ ရှာဖွေဖော်ထုတ်လေ့ကျင့်ရေး တို့ကို ထပ်ဆင့်ရှင်းလင်းပြီး ၂၀၁၂ ခုနှစ် မတ်လနောက်ဆုံးပတ်တွင် နေပြည်တော်၌ ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ် Champion Challenge Cup (စီသုံးလုံး ပြိုင်ပွဲ)တွင် ရန်ကုန်တိုင်းဒေသကြီး အားကစားအသင်းများ အောင်မြင်မှုရရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်မိုး ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းစဉ်။ (အား/ကာ)

မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ တပ်ကုန်းမြို့၌ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၇

နေပြည်တော် တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးဖလား ၂၀၁၂ ခုနှစ် အသက် (၂၁)နှစ်အောက် ရပ်ကွက်/ကျေးရွာ အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် တပ်ကုန်းမြို့ မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်ဘောလုံးအသင်းများမှ အားကစားသမားများ ကွင်းအတွင်း သတ်မှတ်နေရာများတွင် နေရာယူကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးလူက အဖွင့်အမှာစကားပြောကြားပြီး **(ယာပုံ)** ပြိုင်ပွဲဝင်အသင်းများအား နှုတ်ဆက်သည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် လေးချက်ကိုရွတ်ဆိုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ထို့နောက် ပထမဦးဆုံး ပွဲစဉ်အဖြစ် ဘုရင့်နောင်ရပ်ကွက် ဘောလုံးအသင်းနှင့် မြဝတီရပ်ကွက် ဘောလုံးအသင်း တို့ယှဉ်ပြိုင်ကစားကြရာ ဘုရင့်နောင်ရပ်ကွက်အသင်းမှ မြဝတီရပ်ကွက်ဘောလုံးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲအသင်းပေါင်း ကိုးသင်းအထိ ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရှိရသည်။ (ဇင်ဘို-ကြေးမုံ)

စတုတ္ထအကြိမ်မြောက် Horizon စားပွဲတင်တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၇

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်နှင့် Horizon Sport Academy တို့ ပူးပေါင်းကျင်းပသော စတုတ္ထအကြိမ် Horizon open စားပွဲတင် တင်းနစ်ပြိုင်ပွဲကို ဇန်နဝါရီ ၂၈ ရက်နှင့် ၂၉ ရက်များတွင် ရွှေခင်းသာ ကန်ပတ်လမ်းရှိ Horizon International School ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် အမျိုးသမီးအသက် (၁၂)နှစ်အောက်ပြိုင်ပွဲ၊ အသက်(၁၅)နှစ်အောက်ပြိုင်ပွဲ၊ အလွတ်တန်းပြိုင်ပွဲ၊ အမျိုးသား အသက်(၁၂)နှစ်အောက်၊ (၁၅)နှစ်အောက်၊ (၁၈)နှစ်အောက်၊ အပျော်တမ်းအဆင့်၊ ဒုတိယတန်းနှင့် အလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ခွင့်ပုံစံများကို အမျိုးသားရေကူးကန်ရှိ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်၊ မြို့မကျောင်းလမ်းရှိ ကာကွယ်ရေးဝန်ကြီးဌာန စားပွဲတင်တင်းနစ်ကလပ်၊ Horizon International School (Po Sein Campus နှင့် Su Khinn Thar Campus) နှင့် www.horizonmyanmar.com တို့တွင် ရယူနိုင်ပြီး ဇန်နဝါရီ ၂၃ ရက် နောက်ဆုံးထား၍ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်နှင့် Horizon International School (Po Sein Campus)သို့ လျှောက်ထားနိုင်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၅၄၃၉၂၆၊ ၅၄၁၀၈၅၊ ၅၅၁၇၉၅ နှင့် ၅၅၁၇၉၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပြီး ဆုကြေးများထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။ (ကြေးမုံ)

တစ်ချက်တည်း ကျင်းဝင်

နေပြည်တော် ဇန်နဝါရီ ၇

မြစ်ကြီးနား (Northern Star Golf Club) အသင်းသားတစ်ဦးဖြစ်သူ ဦးအေးဝင်းသည် ကစားဖော်များဖြစ်ကြသော ဦးမျိုးဝင်း၊ ဦးသန်းမင်းအောင်၊ ဦးကျော်ညွှန့်(ဘကျော်)၊ ဦးစစ်မိုး(ကိုစစ်)တို့နှင့်အတူ ဒီဇင်ဘာ ၂၉ ရက် ညနေ ၄ နာရီတွင် မြစ်ကြီးနား Northern Star ဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် Srixon 2 (Soft Feel) ဘောလုံးကို Macgregor (Pineater)Iron No(5) သံတုတ်ဖြင့် ရိုက်လိုက်ရာ ကိုက် ၁၆၀ အကွာရှိ ကျင်းအမှတ် (၆)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

(သတင်းစဉ်)

စပါးနှင့် ပတ်သက်သော အများပိုင်ကုမ္ပဏီ ဖွဲ့စည်းဆောင်ရွက်သွားမည် အရန်ဆန်ထားရှိရေးကြီးကြပ်မှုကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၇

အရန်ဆန်ထားရှိရေးကြီးကြပ်မှုကော်မတီ (Rice Reserve Supervision Committee) ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ဆန်စပါးကိုနိုင်ငံတော်က ခေတ်အဆက်ဆက်ကိုင်တွယ် ဆောင်ရွက်ခဲ့ရာက ၂၀၀၃ ခုနှစ် ဧပြီ ၂၄ ရက်မှစ၍ ပုဂ္ဂလိကများအား လွတ်လပ်စွာရောင်းဝယ်ခွင့်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ ဆန်စပါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများ ထိုက်သင့်သည့် အကျိုးအမြတ်ရရှိရေးတို့အတွက် နိုင်ငံတော်အနေဖြင့် မပြတ်ပံ့ပိုးပေးလျက်ရှိကြောင်း၊ ယခုအရန်ဆန်ထားရှိရေး ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းပြီး နယ်မြေဒေသအလိုက် စိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများ ထိုက်သင့်သည့်အကျိုးအမြတ်ရရှိစေမည့် ဈေးနှုန်းနှင့် စပါးဝယ်ယူသွားရမည် ဖြစ်ကြောင်း၊ ဖွဲ့စည်းလိုက်သည့် ကြီးကြပ်မှုကော်မတီအနေဖြင့် ထပ်မံဖွဲ့စည်းသင့်သည့် ဆပ်ကော်မတီများဖွဲ့စည်းပြီး ဝယ်ယူရေးအပိုင်း၊ သိုလှောင်ရေးအပိုင်း၊ အရည်အသွေးအပိုင်း၊ ငွေရေးကြေးရေးအပိုင်းများကို စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းကြရန်နှင့် အားလုံးညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ ယခု အရန်ဆန်ဝယ်ယူမည့်ကိစ္စကို စေတနာထားပြီး ချက်ချင်းအကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဆက်လက်၍ စပါးနှင့်ပတ်သက်သော အများပိုင်ကုမ္ပဏီဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ဦးတင်ထွတ်က ယနေ့အစည်းအဝေးသည် တောင်သူလယ်သမားများအတွက် အကျိုးရှိသော အစည်းအဝေးဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် တောင်သူလယ်သမားများစိုက်ပျိုးထုတ်လုပ်သည့် ထုတ်ကုန်သီးနှံများ ရသင့်ရထိုက်သော ဈေးနှုန်းရရှိစေလိုကြောင်း၊ ပြည်သူ့လွှတ်တော် အစည်းအဝေးများတွင်လည်း တောင်သူများအတွက် ဆွေးနွေးပေးလျက်ရှိကြောင်း၊ ကော်မတီများဖွဲ့၍ တောင်သူလယ်သမားများ အကျိုးကိုရှေးရှုပြီး လုပ်ဆောင်စေလိုကြောင်း ဆွေးနွေးပြောကြားကာ ဒုတိယဝန်ကြီးများ၊ အသင်းဥက္ကဋ္ဌများ၊ တာဝန်ရှိသူများက ပါဝင်ဆွေးနွေးကြသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးတွင် ဥက္ကဋ္ဌ ဦးချစ်ခိုင် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း)၊ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်အေး (ဥက္ကဋ္ဌ၊ ဗဟိုသမဝါယမအသင်း)နှင့် အတွင်းရေးမှူး ဦးအောင်သန်းဦး (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း)တို့ပါဝင်သော အရန်ဆန်ထားရှိရေးကြီးကြပ်မှုကော်မတီကို အဖွဲ့ဝင် ၁၀ ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် အရန်ဆန်ထားရှိရေးကြီးကြပ်မှု ကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မိုးခေါင်မှုကြောင့် တရုတ်နိုင်ငံ၏ အကြီးဆုံးရေချိုအိုင်ကြီး ခန်းခြောက်ကျုံ့ဝင်လာ

ပေကျင်း ဇန်နဝါရီ ၇

မိုးခေါင်မှုပြဿနာကြောင့် တရုတ်နိုင်ငံ၏ အကြီးဆုံးရေချိုရေအိုင်ကြီးသည် နှစ်ပေါင်းများစွာအတွင်း အသေးဆုံးအရွယ်အစားအထိ ကျုံ့ဝင်ခန်းခြောက်သွားခဲ့ရာ ဒေသ၏ ဂေဟစနစ်နှင့် ရေလုပ်သားများ၏ အသက်မွေးဝမ်းကျောင်းမှုအပေါ် ဆိုးကျိုးသက်ရောက်

မိုးခေါင်မှုပြဿနာကြောင့် ကျုံ့ဝင်ခန်းခြောက်ခဲ့ရသော ပိုယန်း အမည်ရှိ တရုတ်နိုင်ငံမှ ရေချိုရေအိုင်ကြီးကို တွေ့ရစဉ်။

လျက်ရှိကြောင်း တရုတ်အာဏာပိုင်များက ဇန်နဝါရီ ၅ ရက်တွင် ပြောကြားခဲ့သည်။

ပိုယန်းအမည်ရှိ အဆိုပါရေချိုရေအိုင်ကြီးသည် တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်စီးပြည်နယ်၌တည်ရှိကြောင်း သိရသည်။

ယင်းရေအိုင်ကြီးကို ရေချိုများ ဖြည့်ဆည်းပေးနေသော ဂန်အမည်ရှိ မြစ်ကြောင်းသည် ဆယ်စုနှစ်တစ်ခု ကျော်ကြာမျှ ဖြစ်ပေါ်ခဲ့သည့် မိုးခေါင်မှုပြဿနာကြောင့် စံချိန်တင်မြစ်ရေကျဆင်းမှုဖြစ်ပွားခဲ့ရာ ပိုယန်းရေအိုင်ကြီးမှာလည်း ခန်းခြောက်ကျုံ့ဝင်လာရကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ယခုအခါ ပိုယန်းရေချိုအိုင်ကြီး၏ စုစုပေါင်းအကျယ်အဝန်းမှာ ၁၈၃ စတုရန်းကီလိုမီတာသာရှိတော့ကြောင်း ဒေသန္တရ ရေအရင်းအမြစ်ဗျူရိုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ရေအပြည့်အဝရှိခဲ့စဉ်အခါက ပိုယန်းရေအိုင်ကြီးသည် အကျယ်အဝန်း ၄၅၀၀ စတုရန်းကီလိုမီတာအထိရှိခဲ့ပြီး စင်ကာပူနိုင်ငံ၏ အရွယ်အစားထက် ခြောက်ဆမျှကြီးမားခဲ့သည်။ ယင်းရေအိုင်ကြီးသည် ဆောင်းရာသီ၌ အသိုက်ပြောင်းရွှေ့တတ်သော ဆိုက်ဘေးရီးယားကြိုးကြာငှက်များနှင့် ရှားပါးရေသတ္တဝါများ ကျက်စားနေထိုင်ရာလည်း ဖြစ်သည်။

မိုးခေါင်မှုနှင့်အတူ ခန်းခြောက်ကျုံ့ဝင်လာသည့် ပိုယန်းရေအိုင်ကြီး၏ ရေတိမ်အစပ်ပိုင်း၌ ယခုအခါ ငါးဖမ်းလှေ ၁၀၀၀၀ မျှ သောင်တင်ကျန်ရစ်လျက်ရှိကြောင်း သိရသည်။ ***အင်တာနက်။***

၂၀၁၂ ခုနှစ် MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ လက်ရှိချန်ပီယံရန်ကုန်နှင့် ဧရာဝတီတို့ နိုင်ပွဲစရ

သတင်းမှတ်စုနှင့် ဓာတ်ပုံ ရှိုင်းထက်ဇော်

ရန်ကုန် ဇန်နဝါရီ ၇

၂၀၁၂ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၁)ကို ယနေ့ညနေ ၃ နာရီခွဲက YUSC ကွင်းနှင့် ပဒုမ္မာကွင်းတို့တွင် ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက်နှင့် ဧရာဝတီယူနိုက်တက်တို့ နိုင်ပွဲရရှိသွားသည်။

(YUSC ကွင်း)

ရန်ကုန်ယူနိုက်တက် - တစ်ဂိုး

(အောင်သိုက်)

ဖေယျာရွှေမြေ - ဂိုးမရှိ

လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်းတို့ တစ်လုံးတည်းသောဂိုးဖြင့် ပွဲဦးထွက်အမှတ်ပြည့်ရယူနိုင်ခဲ့သည်။ နည်းပြချုပ်နေရာရော ကစားသမားတွေပါ အပြောင်းအလဲ လုပ်ထားသည့် ဖေယျာရွှေမြေအသင်းမှာ ရန်ကုန်အသင်းကို အပြန်အလှန် ကစားနိုင်ခဲ့သော်လည်း ရန်ကုန် ခံစစ်ပိုင်းကို မကျော်နိုင်၍ ရှုံးပွဲဖြင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ ရန်ကုန်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၄၃ မိနစ်တွင် အောင်သိုက်က ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းခဲ့ခြင်းဖြစ်သည်။

(ပဒုမ္မာကွင်း)

ဧရာဝတီယူနိုက်တက် - သုံးဂိုး

(မင်းမင်းသူ၊ ဂျူပီတာနှင့် နိုင်နိုင်လင်း)

မောရဝတီ - ဂိုးမရှိ

ယနေ့ပွဲ

(အောင်ဆန်းကွင်း)

မနောမြေ - မကွေး

(ဗထူးကွင်း)

ရတနာပုံ - Southern

(YUSC ကွင်း)

ရက္ခပူရ - နေပြည်တော်

(ပဒုမ္မာကွင်း)

ချင်း - ကမ္ဘောဇ

MNL အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်နှင့် ဖေယျာရွှေမြေတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကြစဉ်။